မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ NDRC ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission(NDRC) မှ Director General, Mr. Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ NDRC မှ Director General, Mr. Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အမျိုးသားညီလာခံကို အချိန်ကန့်သတ်ချက် (Time Frame) မရှိဘူးဆိုပြီး တစ်လျှောက်လုံး ဆန့်ကျင် ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်း ပြည်ပ အဖျက်သမားတွေဟာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးပြန်တော့လဲ သူတို့ရဲ့ နိုင်ငံရေးဝိသမလောဘကို အတောမသတ်နိုင်ခဲ့ပါဘူး။ အမျိုးသား ညီလာခံကြီးက ညှိနှိုင်းချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ် အခြေခံရမယ့်မူတွေဟာ ဘယ်လောက်ပဲ နိုင်ငံတော်နဲ့ ပြည်သူ အတွက် ကောင်းကောင်း၊ သူတို့အတွက် မကောင်းဘူးလို့ အတင်းသတ်မှတ်ပြီး နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုရလဒ် ဟူသမျှကို ပယ်ဖျက် ဆန့်ကျင်ချင်နေကြတာပဲ ဖြစ်တယ်။

စာဖတ်သူတစ်ဦး၏
သည်မိုး သည်လေ သည်လူတွေနဲ့ ဆောင်းပါး (စာ ၈၊ ၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်)

အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ် လျာထားချက်ပြည့်မီရေး ကြိုးပမ်း

နိုင်ငံတော်က အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာလာစေရန် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းဖော်ဆောင်လျက်ရှိသည်။ ယခုအခါ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများက သွင်းကုန်အစားထိုး ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန် စက်ရုံ၊ အလုပ်ရုံအသစ်များစွာကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်စက်မှုနယ်မြေတွင် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ၊ ဆင်မင်းဘိလပ်မြေစက်ရုံများ၊ ပလတ်စတစ်စက်ရုံ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ၊ အပ်ချုပ်စက်ရုံ စသည့် စက်ရုံတို့ကို တည်ဆောက်ထားပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတား၊ ဆည်တာတမံစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ဘိလပ်မြေသည် အဓိကကျသော ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းဖြစ်သည်။

ပြည်တွင်းရှိ ဘိလပ်မြေလိုအပ်ချက်ကို လက်ရှိ ကြံခင်း၊ သရက်နှင့် မြိုင်ကလေး ဘိလပ်မြေစက်ရုံများအပြင် ဆင်မင်းဘိလပ်မြေ စက်ရုံများကပါ ဖြည့်ဆည်းဖော်ဆောင်ပေးလျက် ရှိသည်။

ဘိလပ်မြေများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် စက်ပိုင်းဆိုင်ရာကြံ့ခိုင်ရေးကို နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများနှင့် စက်မှုဇုန်များက တာဝန်ယူကာ ပြည်ပသွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။

ဘိလပ်မြေများ စဉ်ဆက်မပြတ်ထုတ်လုပ်ပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်ရုံများ စက်စွမ်းအားပြည့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်ရုံ၊ အလုပ်ရုံအလိုက် အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိသည့်နည်းတူ ဘိလပ်မြေများကိုလည်း လျာထားချက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်းထုတ်လုပ်နိုင်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကွမ်းခြံကုန်း မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့်ဆုရ ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ရက် နံနက်၉နာရီက ဗဟန်းမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌဦးကျော်ခိုင် (မြန်မာ့အလှဆောက်လုပ်ရေး)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ၇၅နှစ်နှင့်အထက် သက်ကြီး ပုဂ္ဂိုလ်ဖ၄ဦးတို့အား ကန်တော့ကြပြီး ဂုဏ်ထူးရ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများနှင့် ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်တို့အပြင် အသင်းသားများထဲမှ နိုင်ငံတော်အဆင့် ဆုရပုဂ္ဂိုလ်တို့အား အသင်းနာယကနှင့် ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုချီးမြှင့်သည်။**(အပေါ်ပုံ)**

ထို့နောက် ကွမ်းခြံကုန်းဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ညွန့်-ဒေါ်စိန်စိန်မိသားစုက ကွမ်းခြံကုန်း အ·ထ·က(၁)နှင့်(၂)မှ ထူးချွန်သူများအားချီးမြှင့်ရန် ငွေကျပ်သိန်း၅၀ ငွေပဒေသာပင်ကို အသင်းဥက္ကဋ္ဌသို့လည်းကောင်း၊ ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေး(ရွှေဆောင်ပုံနှိပ်တိုက်)မိသားစုက ကွမ်းခြံကုန်းမြို့ သုံးခွကျေးရွာ မီးလင်းရေးအတွက် အလှူငွေကျပ်၁၇သိန်း၊ ကွမ်းခြံကုန်းဆေးရုံကြီးသို့ အလှူငွေကျပ် ၁၀သိန်း ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်နှစ်သိန်း၊ ကော့မှူးမြို့ မိုးကုတ်ရိပ်သာသို့ အလှူ ငွေကျပ်နှစ်သိန်းနှင့် ကော့မှူးမြို့ ဆေးရုံကြီးသို့ အလှူငွေကျပ်နှစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၃၃သိန်းကို သက်ဆိုင်ရာများသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကိုဖတ်ကြားအတည်ပြုကြပြီး ဥက္ကဋ္ဌဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး) ပါဝင်သော အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ (က-ပ)

ကသစ်ဝိုင်တရားပွဲနှင့် ဂုဏဝိသိဋ္ဌပူဇာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သနပ်ပင်မြို့နယ် မန်းကျောင်းတိုက်ကသစ်ဝိုင်ဓမ္မရိပ်သာတွင်ကျေးဇူးရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၀ရက်ဝိပဿနာ အလုပ်ပေး တရားတော်များကို ဆရာတော်ဘဒ္ဒန္တပဒုမ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ဘဒ္ဒန္တကိတ္တိမာလာဘိဝံသ၊ ဘဒ္ဒန္တစန္ဒနမာလာ၊ ဘဒ္ဒန္တကဥ္စနသာရ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တသောဘိတ အရှင်မြတ်တို့က မတ်၁၀ရက်မှ ၂၁ ရက်အထိ ဟောဖော်ညွှန်ပြတော်မူမည်ဖြစ်သည်။

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကဥ္စနသာရအား ရဟန်း ဒါယကာ၊ ဒါယိကာမများနှင့် ယောဂီများက မတ်၂၃ရက်တွင် မန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာ၌ ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၅၂-၄၆၄၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ သစ်တောကျောင်း ကျောင်းဆင်းပွဲနှင့် သစ်အချောထည်စက်ရုံ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၃ရက်က မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ အမှတ်(၂-က) ပုံဖော်စက်ရုံသို့ သွားရောက်၍လည်းကောင်း၊ SK Wood Industries Ltd.သို့သွားရောက်၍လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အမှာစကားပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း၏ (၁၀၂)ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ ရှေးဦးစွာ ဘက်စုံထူးချွန် ကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၀၂) မောင်သန်းဇော်မြင့်၊ ဘက်စုံဒုတိယ ထူးချွန်ကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၂၄) မောင်တေဇာအောင်၊ အားကစားထူးချွန် ကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၁၄) မောင်ဝင်းမင်းထွန်းနှင့် စစ်ရေးပြ အကောင်းဆုံး တပ်ခွဲဆုရ တပ်ခွဲအမှတ်(၁) တပ်ခွဲမှူးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ကျောင်းဆင်း အောင်လက်မှတ် ချီးမြှင့်ပွဲကိုကျင်းပရာ ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ထူးချွန်ဆုရ ကျောင်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့သစ်လုပ်ငန်းရှင်များအသင်း သင်တန်းကျောင်း ကော်မတီဥက္ကဋ္ဌ ဦးမိုးသော်က မြန်မာနိုင်ငံ သစ်တောကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်း၍ ကျောင်းအုပ်ကြီးကကျောင်းဆင်းလက်မှတ်များကို ပေးအပ်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘဲလင်းရှိ Jewellery Luck Co., Ltd. သစ်အချောထည် စက်ရုံဖွင့်ပွဲသို့ တက်ရောက်၍ သစ်အချောထည် စက်ရုံကမ္ပည်းကျောက်စာတိုင်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း သွင်းကုန်အစားထိုး ဖော်မီကာ ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၂၄ ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်း ရိပ်သာ သုနန္ဒာလမ်းနေ ဗိုလ်မှူးကြီး မြမောင်(ငြိမ်း)-ဒေါ်တင်မိုးရည်နှင့် သားသမီး၊ မြေးမြစ်များက အထွေထွေ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း

ငါးထောင်ကို (၅၄)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အကျိုးဆောင် အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● *ကျောဖုံးမှ*

Director General, Mr. Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

လက်မှတ်ရေးထိုး

ရွေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Power Investment Corporation (CPI) မှ Vice President, Mdm. Zhang Xiaolu တို့သည် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခြင်းဆိုင်ရာ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ NDRC မှ Director General, Mr. Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကောင်းမှုပြုက ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏

ကောင်းမှုပြုသောသူသည် ဤဘဝတွင်လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်ကံများကို အဖန်တလဲလဲ တွေးမြင်ထင်ဟပ်၍ ထာဝရဝမ်းမြောက် ဝမ်းသာ ချမ်းသာသုခ ရပေမည်။

(ဓမ္မပဒ ၁၆)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပစ္ဆိမာရုံမှ ပညာဒါနပြုမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းဘောက်ထော် (အဝိုင်းလေးမှတ်တိုင်အနီး)ရှိ ပစ္ဆိမာရုံစာသင်တိုက်၌ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရ ကြီးမှူး၍ ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ သင်ကြားပို့ချပေးမည့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အခြေခံစာရင်းကိုင်ပညာ LCCI Level I,II၊ အီလက်ထရွန်နစ်ပညာ၊ စီးပွားဖြစ် စားသောက်ကုန်ထုတ်လုပ်နည်းနှင့် ကွန်ပျူတာပညာရပ်သင်တန်း အမှတ်စဉ်(၂၉)ကို မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အသက် ၆ နှစ်မှ ၁၅ နှစ်ရှိ ကလေးများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်၊ တရုတ်၊ ကွန်ပျူတာ နွေရာသီ သုံးလသင်တန်းအမှတ်စဉ်(၇)ကိုလည်း အဆိုပါကျောင်း၌ပင် မတ် ၁၃ ရက်မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို ပစ္ဆိမာရုံ ပညာဒါနကျောင်းနှင့် ဖုန်း-၅၅၉၃၃၂ သို့ ဆက်သွယ်စုံစမ်း တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

✻ *ကျောဖုံးမှ*

ရွေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် အဖွဲ့ဝင်များသည် မြို့ကြီးကင်းရေလွှဲဆည်သို့ ရောက်ရှိကြပြီး ပင်မတူးမြောင်းမကြီးကို စက်ယန္တရားများဖြင့် တူးဖော်နေမှုနှင့် ရေလွှဲဆည် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက အကြိုတည်ဆောက်မှုလုပ်ငန်း၊ ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်း၊ ရေလွှဲဥမင် တည်ဆောက်မှုလုပ်ငန်း၊ ပင်မတမံတည်ဆောက်မှုလုပ်ငန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်မှုလုပ်ငန်း၊ ရေလွှဲဆည် တည်ဆောက်မှုလုပ်ငန်းနှင့် မြို့ကြီးမြောင်းမတော် ဖောက်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးဆောင်ရွက်ရန် မှာကြားကာ ရှုရပ်မှ ရေလှောင်တမံ တည်ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေလွှဲဥမင်လိုဏ်(အဝင်)ပိုင်း ဖောက်လုပ်ပြီးစီးမှုနှင့် ပင်မတမံမြေဖို့ခြင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဘိလပ်မြေသရွတ်မှုတ်ခြင်းလုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်သည်။ အလျား ၄၆၈မီတာ၊ အချင်း ၁၈ပေရှိ ရေလွှဲဥမင် ဖောက်လုပ်မှုလုပ်ငန်းသည် ပြီးစီးလျက်ရှိပြီး သံမဏိခုံးထောင်လုပ်ငန်း ၄၈၄ ခုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် သံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံရှိ ဆေးသိုလှောင်ခန်း၊ အမျိုးသမီး လူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသား လူနာဆောင်၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

မြင်းမူမောင်နိုင်မိုး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်နီဝင်း၊ သာကီဟိန်း(တကောင်း)၊ အောင်တင်သိုက်၊ ချမ်းမြဆောင်း(ကလော)၊ အေးကြည်စိန်၊ နုချော(ဥက္ကလာ)၊ စွမ်းဝေ(ဧးကုန်း)၊ မောင်တိုးခင်(ကြည့်ကန်)၊ ကြည်တင့်နိုင်၊ ခမ်းစုဝင်းကြည်(သီပေါ)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ထွန်းဦးတင်၊ မောင်ဝင်းရည်၊ လှိုင်မြင့်ဦး၊ တက္ကသိုလ်မောင်မောင်လှိုင်၊ မြင်းမူ ဦးအောင်မြင့်သိန်း၊ ရွှေဘိုသီရိမာလာ၊ ဦးခင်မောင်တင်(မဟာဝိဇ္ဇာ)၊ သာနိုင်အောင်(ကျိုက်မရော)၊ ရွှေစိုးအိမ်၊ တက္ကသိုလ်စိုးယဉ်၊ သာရဝေါစိုးကြည်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စေတနာလှိုင်(ရေစကြို)၊ ယောဂီတိုးအောင်၊ ပြေအေး(မြင်းမူ)၊ မောင်လူဝေး၊ ကိုသက်(ဧးကုန်း)၊ ခနတ်ဟိဏ်းဇော်တို့၏ ဆောင်းပါးများ၊ စစ်ကိုင်းစိမ်းစိမ်း၊ ရွှေဘို ဘာမထီခင်အောင်၊ ထွန်းထွန်း(သာယာဝတီ)၊ ဖိုးသား(ဟိုပင်)၊ ကိုဇော်ဝင်း(လှတော)၊ မန္တယ်(ကလော)၊ ပုသိမ်ရန်နောင်စိုး၊ ဝါဝါ(အင်းစိန်)၊ မသန်းလွင်(ဟဲဟိုး)၊ သွဲ့ထားညို(သက္ကလ)၊ တက္ကသိုလ် မောင်သုလှိုင်တို့၏ ဝတ္ထုတို ဝတ္ထုရှည်များ၊ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်များ၊ တောဝလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက်ထားသည်။

ဝယ်ယူနိုင်

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁) ရန်ကင်း ဆရာအတတ်သင်သိပ္ပံရှေ့ ဖုန်း-၇၂၅၅၃၀ နှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စဉ့်ကိုင်မြို့၌ စုပေါင်းသန့်ရှင်း

စဉ့်ကိုင် ဖေဖော်ဝါရီ ၂၇

စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက် မျက်စိဆေးရုံရှေ့တွင် ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**'မဟာပဋ္ဌာန်း'ဝိပဿနာ တရားတော် (အာရုမ္မဏပစ္စည်း) (ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ)**
၈:၁၅ - ၂:၁၅	**နိဗ္ဗာန်ဆီသို့-အမေးအဖြေများ**
၈:၃၅ - ၂:၃၅	တေးဂီတအစီအစဉ်
၈:၄၀ - ၂:၄၀	ပြည်တွင်းအနုပညာရေးရာ
၉:၀၅ - ၃:၀၅	သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့)
၉:၁၅ - ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ - ၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀ - ၃:၃၀	သွားမယ် စားမယ် (Bua Thai Restaurant)
၉:၅၀ - ၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ - ၃:၅၅	စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက် အလေးထား (အင်ရောင်း ဆေးဝါးစက်ရုံ)
၁၀:၁၅ - ၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀ - ၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၅ - ၄:၃၅	ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း-၂)
၁၁:၀၅ - ၅:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ - ၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀ - ၅:၂၀	ကြာဖက်ပေါ်ကရေ ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်မျိုးမင်း ရင်တွင်းဖြစ်)
၁၁:၃၅ - ၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ - ၅:၄၀	လှပချစ်စရာအိမ်တွင်းမှုပညာ(ချည်သားပိုက်ဆံအိတ်ပြုလုပ်ပုံအဆင့်ဆင့်)
၁၁:၅၅ - ၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀ - ၆:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"မျက်ရည်တံခါး"**
၁၂:၃၀ - ၆:၃၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၂:၅၀ - ၆:၅၀	တေးဂီတအစီအစဉ်
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကင်ညာငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ဖက်ညှိနိုင်းသဘောတူမှုမရရှိ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၇

ကင်ညာအစိုးရနှင့်အတိုက်အခံတို့ အကြား ရက်သတ္တပတ် အတန်ကြာ တွေ့ဆုံ ဆွေးနွေးသည့်ကြားမှပင် ကင်ညာ ပြိုင်ဘက်ပါတီများ အကြား သဘောထား ကွဲလွဲမှုကို ပြေလည် အောင်ဖြေရှင်းပေးနိုင်သည့် လက္ခဏာ မရှိဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ပြောကြားလိုက်သည်။

တိုက်တွန်း

ကင်ညာ သမ္မတ ကီဘာကီနှင့် အတိုက်အခံ ခေါင်းဆောင် အိုဒင်ဂါတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးပြီးနောက် ၄င်းတို့အနေဖြင့် ပြဿနာဖြေရှင်း ပြီးပြတ်အောင်ဆောင်ရွက်ရန် မစ္စတာအန်နန်က တိုက်တွန်းသည်။

အဆိုပြုသည့် ဝန်ကြီးချုပ်ရာထူး ရွေးချယ်ပြီးသောအခါ ဝန်ကြီးချုပ်ကို အာဏာမည်မျှ အပ်နှင်းရမည်ဆိုသောကိစ္စတို့ နှစ်ဖက်ညှိမရခြင်း ဖြစ်သည်။

ပြင်းထန်လာ

ဒီဇင်ဘာ ရွေးကောက်ပွဲတွင် သမ္မတကီဘာကီ ပြန်လည်အရွေးခံရမှုနှင့်စပ်လျဉ်း၍မကျေမလည်ဖြစ်ကာနိုင်ငံရေးနှင့်လူမျိုးရေးပဋိပက္ခများပြင်းထန်လာခြင်း ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့၌ ဖေဖော်ဝါရီ ၂၅ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဝန်တင်ယာဉ်ဖြင့် သယ်ဆောင်လာနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဘဂ္ဂဒက်မြို့တော်၌ သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း ဖေဖော်ဝါရီ ၂၄ ရက်က တိုက်ခိုက်မှုနှစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၂၅ ရက်၌ ကြေညာသည်။

သေဆုံးသွားခဲ့

ဘဂ္ဂဒက်နိုင်ငံစုံတပ်မတွင် တာဝန်ထမ်းဆောင်သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်တောင်ပိုင်း စစ်ဆင်ရေး၌ သူပုန်တို့၏ပစ်ခတ်မှုကြောင့်သေဆုံးရပြီး အခြားအမေရိကန်တပ်ဖွဲ့ဝင်မှာ ဘဂ္ဂဒက်မြောက်ပိုင်း လမ်းဘေးဗုံးခွဲခံရသည့် မော်တော်ယာဉ်ပေါ် စီးနင်းလိုက်ပါရင်း သေဆုံးခဲ့ရခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ် ရာထူးမှနုတ်ထွက်မည်မဟုတ်ဟုဆို

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၇

ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်သည် အတိုက်အခံများကို အောင်နိုင်မှုများရရှိရန် စောင့်ဆိုင်းနေခြင်းထက် ရာထူးမှဆင်းပေးရန် စဉ်းစားနေသည် ဆိုခြင်းကို သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ရာရှစ်ကွာရီရှီက ဖေဖော်ဝါရီ ၂၄ရက်တွင် ငြင်းဆိုလိုက်သည်။

ညွန့်ပေါင်းအစိုးရ

မူရှာရက်ဖ်သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသော အဓိကပါတီကြီးသုံးခု ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် ကြေညာ လိုက်ပြီးနောက် သမ္မတရာထူးဆင်းပေးရန် စဉ်းစားခဲ့သည်ဟု ယုံကြည်ရကြောင်း ဗြိတိသျှဆန်းဒေးတယ်လီဂရပ်က ဖော်ပြသည်။

မေတ္တာရပ်ခံ

ယင်းပါတီများသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက သမ္မတမူရှာရက်ဖ် ရာထူးမှဖြုတ်ချခဲ့သောတရားသူကြီးချုပ် မိုဟာမက်ချောင်ဒရီနှင့် အခြားတရားသူကြီး ၆၀တို့ကိုလည်း မူလရာထူးများ ပြန်လည်ခန့်အပ်ရန် မေတ္တာရပ်ခံလိုက်သည်။

ဆက်လက်ပြောကြား

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည် ရာထူးမှနုတ်ထွက်ပေးရန် မရှိကြောင်း၊ အနာဂတ်တွင်မည်သည့် အစိုးရနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မူးယစ်ဆေးဝါးများ တရုတ်၌ ဖမ်းမိ

ကွမ်ကျိုး ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံတောင်ပိုင်းဂွမ်ဒေါင်းပြည်နယ် ကွမ်ကျိုးမြို့တွင် ရဲအဖွဲ့က မူးယစ်ဆေးဝါး ၂၃၈ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး ကုန်ကူးသူဟု သံသယရှိသူ ငါးဦးကို ဖမ်းဆီးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၃ရက်က သတင်းထုတ်ပြန်ခဲ့သည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများတွင် ကက်တာမင်း၊ ကိုကင်း၊ ဘိန်းဖြူ၊ အိုက်စ်၊ ဆေးခြောက်၊ မက်သာဖက်တမင်းနှင့် စိတ်ကြွဆေးပြားများ ပါဝင်သည်။ ဤသို့ ဖမ်းဆီးရမိမှုသည် ၂၀၀၇ခုနှစ်အတွင်း တရုတ်နယ်စပ် ရဲတပ်ဖွဲ့၏ ၂၀၀၇ခုနှစ်အတွင်း အများပြားဆုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဖြစ်သည်။

နယ်စပ်ရဲတပ်ဖွဲ့သည်၂၀၀၇ခုနှစ်နိုဝင်ဘာ၂ရက်ကမူးယစ်မှောင်ခိုသူဟုမသင်္ကာသည့် ဘီယာအိုနှင့် ဝမ်ဆိုသူကို ဖမ်းဆီးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံအရှေ့ပိုင်း ဒူဆယ်ဒေါ့ဖ်မြို့ရှိ သတ္တု တူးဖော်ရေး လုပ်ငန်းခွင်၌ အလုပ်သမားများကို ဖေဖော်ဝါရီ ၂၆ ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

သက်တမ်းကုန်အထိတာဝန်ထမ်းဆောင်မည်ဟု ဖိလစ်ပိုင်သမ္မတ အာရိုယိုပြောကြား

မနီလာ ဖေဖော်ဝါရီ ၂၇

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂါးလ်အာရိုယိုက ၄င်းအားနုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုနေကြသော်လည်း၂၀၁၀ပြည့်နှစ်တိုင်အောင် လက်ရှိသမ္မတသက်တမ်း ကုန်ဆုံးသည်အထိ သမ္မတ ဆက်လုပ်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်ဟု ဒေသဆိုင်ရာ ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သွားသည်။

ဖော်ပြ

သမ္မတအာရိုယိုက သူသာလျှင် သမ္မတဖြစ်ကြောင်း၊ အစိုးရတစ်ခုတွင် ဆုံးဖြတ်ပိုင်ခွင့်ရှိသူဖြစ်ကြောင်း အစည်းအဝေးတစ်ရပ်၌ ပြောကြားသည်ကို အဆိုပါသတင်းတွင် ဖော်ပြသည်။

ပြောကြား

ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းအတည်ပြုပြီးလျှင် သမ္မတသက်တမ်း ကုန်ဆုံးချိန်၌ ရာထူးမှဆင်းပေးမည်ဖြစ်ကြောင်း အာရိုယိုက ပြောကြားသည်။

အလေးအနက်

သို့သော်လည်း သမ္မတသက်တမ်းမကုန်မီ ပြုပြင်ပြောင်းလဲရေး ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအား ခေါင်းဆောင်ကောင်း တစ်ဦးအဖြစ် လိုအပ်သည်များ ဆောင်ရွက်ပေးပြီးမှသာ ရာထူးမှနုတ်ထွက်လိုကြောင်း အာရိုယိုက အလေးအနက်ပြောကြားသည်။

ဥပဒေအထက်တွင် မည်သူမှမရှိသကဲ့သို့ သံသယရှိသော လာဘ်စားမှုကိုလည်း ထုတ်ဖော်ပြသနိုင်ရမည်ဖြစ်ကြောင်းလည်း အာရိုယိုကထပ်လောင်းပြောကြားသည်။

ဆန္ဒပြတောင်းဆို

အစိုးရထိပ်တန်း အရာရှိဟောင်းတစ်ဦးက သမ္မတအာရိုယို၏ ခင်ပွန်းဖြစ်သူနှင့် အဆက်အသွယ်ပြုလုပ်ခဲ့ပြီးနောက်အတိုက်အခံများက အာရိုယိုအားရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ကားအနီကြီးသာ မောင်းလာခဲ့ပါ ....

မီးသတ်ဌာနသို့ အရေးပေါ်တယ်လီဖုန်းဝင်လာသဖြင့် တာဝန်ကျအရာရှိတစ်ဦးက ဖုန်းနားထောင်လေသည်။

အရာရှိ ။ ။ အမိန့်ရှိပါခင်ဗျာ။

ဖုန်းဆက်သူ ။ ။ ဆရာ..မြန်မြန်လေးလာခဲ့ပါ။ ဒီမှာ မီးလောင်နေလို့။

အရာရှိ ။ ။ ဟုတ်လား...ဘယ်နေရာလဲ။ နေရာပြောပါ။

ဖုန်းဆက်သူ ။ ။ စိတ်တွေ လှုပ်ရှားလွန်းလို့ နေရာကိုတောင် ဘယ်လိုပြောရမလဲ မသိတော့ဘူး။

အရာရှိ ။ ။ ဒါဆိုကျွန်တော်တို့ ဘယ်လိုလာရမှာလဲ။

ဖုန်းဆက်သူ ။ ။ ကားအနီကြီးသာ မောင်းလာခဲ့ပါဗျာ။

အရာရှိ ။ ။ ဗျာ . . .

ဗြိတိန်နိုင်ငံ အိစ်တောင်းမြို့တွင် ဖေဖော်ဝါရီ ၂၅ရက်က ဓာတ်ငွေ့ပေါက်ကွဲခဲ့သဖြင့် အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်း သတ်နေကြသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်နှင့် တောင်ကိုရီးယား ဆက်ဆံရေးတိုးမြှင့်ရန် သဘောတူညီ

ဆိုးလ် ဖေဖော်ဝါရီ ၂၇

ဂျပန်နှင့်တောင်ကိုရီးယား ခေါင်းဆောင်တို့သည် ချစ်ကြည်ရင်းနှီးသော သံတမန် ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေး တိုးတက်ခိုင်မာအောင် ဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၅ရက်က သဘောတူညီလိုက်သည်။

အလည်အပတ် ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ယာဆုအိုဖူကူဒါနှင့် တောင်ကိုရီးယားသမ္မတသစ်အီမြောင်ဘက်တို့သည်ယခုနှစ်ကုန်ပိုင်းတွင်အပြန်အလှန် လာရောက်လည်ပတ်ရေး၊ နွေးထွေးစွာ ဆက်ဆံရေးတို့ ပြုလုပ်ရန် သဘောတူညီကြသည်။

မိမိတို့သည်ထိပ်တန်းသံတမန်များ အပြန်အလှန် လည်ပတ်ကြမည်ဖြစ်ကြောင်း၊ သမ္မတအီသည် ဧပြီလကုန်ပိုင်းတွင်ဂျပန်သို့သွားရောက်လည်ပတ်မည်ဖြစ်သကဲ့သို့ ဖူကူဒါသည်လည်း နှစ်ကုန်ပိုင်းတွင် ကိုရီးယားနိုင်ငံသို့ ပြန်လည်လာရောက် လည်ပတ်မည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

အဆိုပါ အာရှအိမ်နီးချင်း နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်စဉ် အပြန်အလှန် သွားရောက်လည်ပတ်မှုမှာ ဂျပန်ဝန်ကြီးချုပ်ဟောင်း ကိုအိဇုမိလက်ထက်က ယင်းတို့၏စစ်ဗိမာန်သို့ သွားရောက်လည်ပတ်ခဲ့သဖြင့် ပုံမှန်ဆက်ဆံသွားလာမှု ရပ်တန့်ခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

28-2 -08(4).pmd 1 2/28/2008, 12:04 AM

ဗင်နီဇွဲလားနိုင်ငံ ဗီလာဒယ်လ်ဂိုဆာရီယိုရွာအနီးတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

လောင်စာဆီဖြည့်ချိန် ယာဉ်ပေါ်၌ လူရှိနေလျှင် ...

အီရန်နိုင်ငံအနောက်မြောက်ပိုင်း တာဘရစ်ဇ်မြို့တွင် ဖေဖော်ဝါရီ ၂၅ရက်က မတော်တဆဖြစ်ရပ်ကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း တာဘရစ်ဇ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ တာဘရစ်ဇ်မြို့ ဓာတ်ဆီဆိုင်၌ မော်တော်ယာဉ်တစ်စီး ဓာတ်ဆီဖြည့်နေစဉ် မော်တော်ကားအင်ဂျင်မှတစ်ဆင့် မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာမှ မော်တော်ကားပေါ်၌ရှိနေသူ နှစ်ဦးစလုံး ပွဲချင်းပြီးသေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် မော်တော်ယာဉ်များ ဓာတ်ဆီဆိုင်၌ လောင်စာဆီဖြည့်နေချိန်တွင် ယာဉ်ပေါ်၌ လူရှိမနေသင့်ကြောင်း ဤဖြစ်ရပ်က သင်ခန်းစာပေးလျက်ရှိနေပါကြောင်း။

မောင်မောင်မြင့်ဆွေ

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၂၇-၂-၂၀၀၈

ကမ္ဘာ့ ဈေးကွက်၌ ရေနံဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ရက်ခန့်က ရေနံဈေးနှုန်းမှာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၉၇ ဒေါ်လာ ရှိနေခဲ့ရာမှ ယခုအခါ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၇ ဒေါ်လာ မြင့်တက်လာကြောင်း ၎င်းတို့က ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးကြောင့် ဗီယက်နမ်၌ တစ်ဦးသေဆုံး

ဗီယက်နမ်နိုင်ငံ ဖူသိုပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်း ဗီယက်နမ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

သေဆုံးသူအမျိုးသမီးမှာ အသက်၂၃နှစ်အရွယ်ရှိပြီး ဆေးရုံ၌ ငါးရက်ကြာ ဆေးကုသပေးပြီးနောက်ပိုင်း သေဆုံးခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား မင်ဒါလာလေကြောင်းလိုင်း အဲဘတ်စ်လေယာဉ် အစင်း ၃၀ ဝယ်မည်

အင်ဒိုနီးရှားနိုင်ငံ မင်ဒါလာ လေကြောင်းလိုင်းမှ အဲဘတ်စ်ခရီးသည်တင် လေယာဉ်အစင်း ၃၀ ကို ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း မင်ဒါလာလေကြောင်းလိုင်းမှ အရာရှိများက ပြောကြားသည်။

အဆိုပါ လေယာဉ်များကို လာမည့် ၂၀၁၁ ခုနှစ်မတိုင်မီ လက်ဝယ်ရရှိအောင် ဝယ်ယူသွားမည်ဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာငွေကြေးတန်ဖိုး အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ဂျပန်ဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၈ယန်း ရှိနေပြီး နယူးယောက်ဈေးကွက်၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ယန်း ငွေ၁၀၈ဒသမ၁၁ယန်းရှိကြောင်း သိရသည်။

စင်ကာပူ၌ ဂျာမနီက ရော်ဘာစက်ရုံတည်ဆောက်မည်

စင်ကာပူ၌ ရော်ဘာစက်ရုံတစ်ခုကို ဂျာမနီနိုင်ငံက တည်ဆောက်မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံမှ အရာရှိများက ပြောကြားသည်။

အဆိုပါ ရော်ဘာစက်ရုံကို စင်ကာပူနိုင်ငံ ဂျူရွန်ကျွန်းတွင် ၂၀၀၉ခုနှစ်၌ စတင်တည်ဆောက်မည်ဖြစ်ပြီး ယူရိုသန်း ၄၀၀ ကုန်ကျမည်ဖြစ်သည်။

တရုတ်နှင့်နယူးဇီလန် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်မည်

တရုတ်နှင့်နယူးဇီလန် နှစ်နိုင်ငံတို့အနေဖြင့် လွတ်လပ်စွာကုန်သွယ်ရေး စာချုပ်ချုပ်နိုင်တော့မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါစာချုပ်ကို လာမည့်ဧပြီလအစောပိုင်း၌ စာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးစားလျက်ရှိပြီး ရည်မှန်းချက်အောင်မြင်မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဗင်နီဇွဲလား၌ ဗုံးခွဲတိုက်ခိုက်မှု

ဗင်နီဇွဲလားနိုင်ငံ ကရာကတ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦးသေဆုံးသွားကြောင်း ကရာကတ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးမှာ အကြမ်းဖက် တိုက်ခိုက်ရေးသမားများက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဗင်နီဇွဲလားအစိုးရ၏ ဆောင်ရွက်မှုများကို ဆန့်ကျင်သောအားဖြင့် ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

တရုတ်၌ ကြွပ်ကြွပ်အိတ်စက်ရုံပိတ်သိမ်းမည်

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်ရှိ ကြွပ်ကြွပ်အိတ်ထုတ်လုပ်သည့် စက်ရုံကြီးတစ်ရုံအား ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း စက်ရုံအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ဇွန်၁ရက်မှ စတင်ကာ ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို လျှော့ချဖြတ်တောက်မည်ဖြစ်ရာ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စက်ရုံကိုပိတ်ရန် ဆုံးဖြတ်လိုက်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အရပ်အမြင့်ဆုံးလူသား

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ နောက်ဘက်ပိုဒိုလန်တီရွာ၌ နေထိုင်သူ အသက်၃၇နှစ်အရွယ် လီယိုနစ်စကတ်နစ်ခ်(ဝဲ)အမည်ရှိ အမျိုးသားတစ်ဦး၏ အရပ်မှာ ၈ပေ၅လက်မရှိရာ ကမ္ဘာပေါ်၌ အရပ်အမြင့်ဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ (အရပ်အမြင့်ဆုံးလူသားတစ်ဦးဖြစ်သည့် တရုတ်အမျိုးသားဘိုစီရှန်၏ အရပ်မှာ ၇ပေ၉လက်မရှိသည်။)

(အင်တာနက်ဓာတ်ပုံ)

ပေါင်တစ်သိန်းတန် ဟင်းပေါင်းအိုး

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဖေဖော်ဝါရီ ၂၆ရက်က ခင်းကျင်းပြသထားသော ဟင်းပေါင်းအိုးတစ်ခုမှာ ဘေးလက်ကိုင်နှင့်အဖုံးလက်ကိုင်တို့တွင် ရွှေနှင့်စိန်များဖြင့် ပြုလုပ်ထားရာ တန်ဖိုးငွေ ပေါင်တစ်သိန်းတန်သဖြင့် ကမ္ဘာပေါ်၌ ဈေးအကြီးဆုံး ဟင်းပေါင်းအိုးတစ်လုံးဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

စွန့်စွန့်စားစား တက်ရောက်

အမေရိကန်နိုင်ငံ ပင်ဆာဗေးနီးယားပြည်နယ်ရှိ ရေခဲများဖုံးလွှမ်းနေသော တောင်ပေါ်သို့ ဖေဖော်ဝါရီ၂၆ရက်က စွန့်စွန့်စားစား တက်ရောက်နေသူ တစ်ဦးအား ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)



အာဖရိကရိုးရာဝတ်စုံ ဝတ်ဆင်ထားသည့် အိုဘားမား ဓာတ်ပုံကိစ္စ ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ အပြန်အလှန်စွပ်စွဲ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းရရှိရေး အကြိုရွေးကောက်ပွဲများ၌ အပြိုင်မဲဆွယ်စည်းရုံးနေကြသည့် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် အထက်လွှတ်တော်အမတ် အိုဘားမားတို့သည် (အောက်ပုံ)**အင်တာနက်တွင် အိုဘားမား၏ ဓာတ်ပုံဖြန့်ချိမှုနှင့် ပတ်သက်၍ အပြန်အလှန် စွပ်စွဲပြောဆိုလျက်ရှိသည်။**

အဆိုပါပုံမှာ ၂၀၀၆ခုနှစ်က ကင်ညာနိုင်ငံသို့ အိုဘားမားသွားရောက်လည်ပတ်စဉ်က အာဖရိကရိုးရာ ဝတ်စုံကို ဝတ်ဆင်ထားသည့် ပုံဖြစ်သည်။

ဝတ်ဆင်ခဲ့

အိုဘားမား၏ဖခင်မှာကင်ညာနိုင်ငံမှ ပြောင်းလာသူဖြစ်သည့်အားလျော်စွာ အိုဘားမား ကင်ညာနိုင်ငံသို့ရောက်သည့်အခါ ဆွေမျိုးအကြီးအကဲတို့ကပေးသည့် ခေါင်းပေါင်းဖြူနှင့် ဝတ်ရုံဖြူကို ဝတ်ဆင်ခဲ့သည်။

ငြင်းဆို

အင်တာနက်မှတစ်ဆင့် ဖြန့်ရန် ဟီလာရီကလင်တန်တို့ဘက်က ဤပုံကို ပေးသည်ဟု အိုဘားမား၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က စွပ်စွဲသည်။ တမင်သိက္ခာချ အရှက်ရအောင် အကွက်ထွင်ခြင်း ဖြစ်သည်ဟုလည်း စွပ်စွဲပြောဆိုသည်။ ဟီလာရီကလင်တန်၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ကမူ ဤဓာတ်ပုံကို သူတို့မပေးကြောင်း ငြင်းဆိုသည်။

ချေပပြောကြား

အာဖရိကရိုးရာဝတ်စုံ အိုဘားမားဝတ်ထားပုံကို အင်တာနက်က ဖော်ပြခြင်းမှာ သဘောကွဲလွဲစရာ ဖြစ်သည်ဟု အိုဘားမားတို့ဘက်က ယူဆနေခြင်းမှာ ရှက်ဖွယ်ကောင်းကြောင်း၊ ဟီလာရီကလင်တန်အနေဖြင့် ရောက်ရာနိုင်ငံများမှ ရိုးရာဝတ်စုံများကို ဝတ်ဆင်ထားသည့် ဓာတ်ပုံများ ကျယ်ကျယ်ပြန့်ပြန့် နေရာအနှံ့ ရောက်ကုန်သည့် အဖြစ်များကြုံခဲ့ရကြောင်းဖြင့် ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးရေး မန်နေဂျာ မက်ဂီက ချေပပြောကြားသည်။

အမှန်မှာ ဟီလာရီကလင်တန်ရော အိုဘားမားရော မတ်လ ၄ ရက်တွင် ပြုလုပ်မည့် အရေးပါသော အကြိုရွေးကောက်ပွဲအတွက်အပြိုင်စည်းရုံးရင်း တစ်ဦးကိုတစ်ဦး ထိုးနှက်နေကြခြင်း ဖြစ်သည်ဟု ဝေဖန်ဆန်းစစ်သူများက ပြောကြားသည်။

ဟီလာရီကလင်တန် အနေဖြင့် မတ် ၄ ရက် အင်္ဂါနေ့တွင်ပြုလုပ်မည့် တက္ကဆက်နှင့် အိုဟိုင်းယိုးပြည်နယ် အကြိုရွေးကောက်ပွဲနှစ်ခုတွင် အနိုင်မရလျှင် ပြိုင်ပွဲမှ ထွက်ရမည့်ပုံပေါ်နေသည်။ **(အင်တာနက်)**

ပါကစ္စတန် ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦး ဗုံးခွဲတိုက်ခိုက်ခံရပြီးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၇

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖေဖော်ဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့ရာ ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးသေဆုံးခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီး မွတ်ရှ်တက်ဘိုက် **(အပေါ်ပုံ)**နှင့်အတူ ဗုံးခွဲတိုက်ခိုက်သူများအပါအဝင် အနည်းဆုံး ရှစ်ဦး သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

အဆိုပါဒုတိယဗိုလ်ချုပ်ကြီးသည် ၉/၁၁ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ တိုက်ခိုက်မှုပြီးနောက် ပါကစ္စတန်နိုင်ငံ၌ ရာထူးအကြီးဆုံးဖြင့် တိုက်ခိုက်ခံရ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံး

ပါကစ္စတန်နိုင်ငံ မန်ဆီဟာမြို့အတွင်း သီးခြားအကြမ်းဖက်တိုက်ခိုက်မှုတစ်ခုတွင် လက်ပစ်ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အနည်းဆုံး လေးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ရာဝါပင်ဒီမြို့သည် ပြီးခဲ့သည့်နှစ်များမှစပြီး အကြမ်းဖက်မှုများဆက်တိုက်ဖြစ်ပွားလျက်ရှိသော မြို့ဖြစ်သည်။

တိုက်ခိုက်

ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတိုသည် ဒီဇင်ဘာလက ယင်းမြို့၌ ဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုတွင်လည်း လူပေါင်း ၂၀ ကျော်သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ကနေဒါတပ်ဖွဲ့ဝင်များအရေး ပါလီမန်၌ ဆွေးနွေး

တိုရွန်တို ဖေဖော်ဝါရီ ၂၇

ကနေဒါနိုင်ငံ အော့တဝါမြို့၌ ကျင်းပလျက်ရှိသည့် ကနေဒါပါလီမန် အစည်းအဝေးတွင် အာဖဂန်နစ္စတန်သို့ စေလွှတ်ထားသည့် ကနေဒါတပ်ဖွဲ့ဝင်များအရေးကို စတင်ဆွေးနွေးသည်။

စေလွှတ်

ကနေဒါတပ်ဖွဲ့ဝင်၂၅၀၀ကို ၂၀၀၂ ခုနှစ်ကတည်းက အာဖဂန်နစ္စတန် တောင်ပိုင်းသို့ ကနေဒါနိုင်ငံက စေလွှတ်ခဲ့သည်။

အာဖဂန်နစ္စတန်၌ တပ်ဖွဲ့ဝင် ၇၈ဦးနှင့် သံတမန်တစ်ဦး သေဆုံးရမှုကြောင့် ကနေဒါပြည်သူများအကြား တပ်ဖွဲ့ဝင်များစေလွှတ်မှုနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုန်စရာ ဖြစ်လာသည်။

ပေါ်ပေါက်လာနိုင်

ကနေဒါကွန်ဆာဗေးတစ်အစိုးရက တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်၌ ဆက်လက်ထားလိုသည့် အစိုးရနှင့် အဓိကအတိုက်အခံပါတီတို့ သဘောထားတူညီသည့် လက္ခဏာရှိသည်။ အာဖဂန်အရေးကြောင့် နောက်ထပ်ရွေးကောက်ပွဲ ပြုလုပ်ရမည့် အခြေအနေလည်းပေါ်ပေါက်လာနိုင်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ လက်ရှ်ကာဂါမြို့၌ ဖေဖော်ဝါရီ ၂၅ ရက်က လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေကြသည်ကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကာ့ဒ်တို့အား ထိုးစစ်ဆင်တိုက်ခိုက်မှု အီရတ်အစိုးရ အပြင်းအထန်ရှုတ်ချ

အန်ကာရာ ဖေဖော်ဝါရီ ၂၇

တူရကီတပ်များက အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များအား လွန်ခဲ့သောသီတင်းပတ်မှစပြီး ကျူးကျော်တိုက်ခိုက်နေခြင်းအတွက် ရှုတ်ချကြောင်း အီရတ်အစိုးရက ပြောကြားသည်။

အဆိုပါထိုးစစ်ဆင် တိုက်ခိုက်နေခြင်းအတွက် မိမိတို့အနေဖြင့် ရှုတ်ချကြောင်း အီရတ်အစိုးရဝန်ကြီးအဖွဲ့ ကြေညာချက်တွင် ဖော်ပြသည်။

တိုက်တွန်း

အီရတ်နိုင်ငံအနေဖြင့် တူရကီတပ်များ ချက်ချင်းဆုတ်ခွာပေးရန်လည်း တိုက်တွန်း ဆော်ဩလိုက်သည်။

တူရကီတပ်ဖွဲ့ဝင်များက အီရတ်ကာ့ဒ်သူပုန်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာတွင် သူပုန် ၁၅၃ ဦးသေဆုံးပြီး တူရကီတပ်ဖွဲ့ဝင် ၁၉ ဦး သေဆုံးခဲ့ကြောင်း တူရကီအစိုးရတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**



အစွန်းရောက်များ စုဆောင်းပေးခဲ့ကြောင်း ဟာမစ်ဝန်ခံ

လန်ဒန် ဖေဖော်ဝါရီ ၂၇

ဗြိတိန်နိုင်ငံ၌ အစ္စလမ္မစ် အစွန်းရောက် တိုက်ခိုက်ရေးသမားများ အဓိကစုဆောင်းပေးသူတစ်ဦးက တရားရုံး၌ စစ်ဆေးမှု ခံယူပြီးနောက် အပြစ်ရှိကြောင်း ဝန်ခံလိုက်သည်။

ဝန်ခံပြောကြား

အသက် ၅၀ ရှိ မိုဟာမက်ဟာမစ် **(အပေါ်ပုံ)**သည် လန်ဒန်မြို့အရှေ့ပိုင်းရှိ လျှို့ဝှက်စခန်းများ၌အစွန်းရောက် တိုက်ခိုက်ရေးသမားများအား သင်တန်းများပေး၍ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးခဲ့ကြောင်း ဝန်ခံပြောကြားသည်။

မအောင်မြင်

ဟာမစ်၏ လေ့ကျင့်ရေးစခန်းများမှ ၂၀၀၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်ရန် ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ဟု ဆိုသည်။

ပြောင်းရွှေ့

ဟာမစ်အား ၁၉၅၇ခုနှစ်တွင် တန်ဇန်းနီးယားနိုင်ငံ၌ မွေးဖွားခဲ့ပြီး ကြီးပြင်းလာသောအခါ အိန္ဒိယသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၎င်းသည် အသက် ၁၂နှစ်အရွယ်မှစပြီး အိန္ဒိယနိုင်ငံမှ လန်ဒန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

နှင်းမုန်တိုင်းသင့်ဒေသများ ထောက်ပံ့ငွေပေးအပ်

ပေကျင်း ဖေဖော်ဝါရီ ၂၇

ဆောင်းရာသီတွင် ရာသီဥတုဆိုးရွားပြင်းထန်မှုဒဏ်ကို ခံခဲ့ရသည့် တရုတ်နိုင်ငံ၏ ဒေသအချို့အား အကူအညီပေးရန် ပြည်ပရောက် တရုတ်လူမျိုးများ၏ ငွေကြေးထောက်ပံ့မှုမှာ အမေရိကန်ဒေါ်လာ ၂၄ သန်းရှိသွားပြီဖြစ်ကြောင်း နိုင်ငံရပ်ခြားရောက် တရုတ်အမျိုးသားများရေးရာဌာနက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ဇန်နဝါရီလလယ်မှစတင်ကာ တရုတ်နိုင်ငံ တောင်ပိုင်းရှိ ပြည်နယ် ၁၉ခုတွင် အပူချိန်ကျဆင်းမှု၊ နှင်းများထူထပ်သိပ်သည်းစွာ ကျရောက်ပြီး နှင်းမိုးများရွာသွန်းမှုကြောင့် ၁၂၉ဦး သေဆုံးပြီး ယွမ်ငွေ ၁၅၁ ဒသမ ၆၅ ဘီလီယံ ဆုံးရှုံးခဲ့သည်။

နိုင်ငံရပ်ခြားရောက် တရုတ်ရန်ပုံငွေ ထည့်ဝင်ရေးကုမ္ပဏီများ စုဖွဲ့ထားသည့် အုပ်စုတစ်စုသည် ဇန်နဝါရီ ၃၁ ရက်က နိုင်ငံရပ်ခြား တရုတ်လူမျိုးများအား ငွေကြေးအကူအညီပေး ထည့်ဝင်ရန် လှုံ့ဆော်သည့် အစီအစဉ်ကို ပထမဆုံးစတင်ပြီး ယင်းဌာနက ငွေနှင့်ပစ္စည်းများ လက်ခံခဲ့သည်။

၎င်းဌာနသည် ဖေဖော်ဝါရီ ၂၅ ရက်အထိ ငွေသား ယွမ်သန်း ၁၃၀ လက်ခံရရှိခဲ့ပြီး ပစ္စည်း ယွမ်သန်း ၄၀ဖိုး လက်ခံရရှိခဲ့ပြီး ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြောင်းလဲလာသည့် အရှေ့အလယ်ပိုင်းအခြေအနေ

သတင်းအက်ဆေး

အစ္စရေးနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်လျှင် မိမိတို့အနေဖြင့် ပါလက်စတိုင်းနိုင်ငံထူထောင်ကြောင်း တစ်ဖက်သတ်ကြေညာထိုက်သည်ဟု ပါလက်စတိုင်း ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ယာဆာအဘက်ရာဘိုက ဖေဖော်ဝါရီ ၂၀ရက်တွင် ပြောကြားသည်။

ရာဘိုသည် ပါလက်စတိုင်း ခေါင်းဆောင်မာမွတ်အဘတ်စ်၏ထိပ်တန်း လက်ထောက်တစ်ဦးဖြစ်သည့်အပြင် အစ္စရေးတို့နှင့် လောလောဆယ် စေ့စပ်ဆွေးနွေးမည့် ပါလက်စတိုင်းကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

အီရန်နိုင်ငံရှိ ဘူရှာ နျူကလီးယားစက်ရုံအတွင်းတစ်နေရာ။

ပါလက်စတိုင်းတို့အနေဖြင့် ကိုဆိုဗိုတစ်ဖက်သတ်လွတ်လပ်ရေး ကြေညာသည်ထက်ပင် ပိုမိုစောသင့်ကြောင်း၊ ပါလက်စတိုင်းလွတ်လပ်ရေးအတွက် ဝိုင်းဝန်းထောက်ခံကြပါရန် မေတ္တာရပ်ခံကြောင်း ရာဘိုက ပြောကြားသည်။

မာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်တို့ နှစ်ဦးချင်း စေ့စပ်မှု တိုးတက်မလာဘဲ ရပ်ဆိုင်းပြီး နောက်တစ်ရက်တွင် ရာဘိုက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

လက်မလွှတ်ချင်

တစ်လောက နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးသည့် ဂျေရုဆလမ် အနာဂတ်ရေးတွင် ရှေ့မတိုးနိုင်။ ပါလက်စတိုင်းတို့က အရှေ့ဂျေရုဆလမ်ကို နောင်ပါလက်စတိုင်းနိုင်ငံ၏ မြို့တော်အဖြစ်ထားရှိလိုသည်။ အစ္စရေးတို့ဘက်က ဂျေရုဆလမ်တစ်မြို့လုံးကို လက်မလွှတ်ချင်ကြ။

ယခုကဲ့သို့ စေ့စပ်ဆွေးနွေးနိုင်ခြင်းမှာ လွန်ခဲ့သည့်သုံးလက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် အမေရိကန်နိုင်ငံ အနာပိုလစ်ဆွေးနွေးပွဲ၏ ရလဒ်ပင်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ၂၀၀၈ခုနှစ်ကုန်တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး သဘောတူညီချက်ရရေးပင်ဖြစ်သည်။ အဓိက အတားအဆီးများမှာ ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများ၏ လှုပ်ရှားမှု၊ အနောက်ဘက်ကမ်းတွင် အစ္စရေးတို့က ရဟူဒီအခြေချရပ်ကွက်များ ထူထောင်၍ အိုးအိမ်တည်ဆောက်နေမှုတို့ပင် ဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ရက်ကပင် ဂါဇာကမ်းမြောင်မှ ထောင်ပေါင်းများစွာသောပြည်သူတို့က ဂါဇာကို အစ္စရေးပိတ်ဆို့မှုအပေါ်မကျေနပ်သဖြင့် ကန့်ကွက်ဆန္ဒပြပွဲပြုလုပ်ခဲ့သည်။ ရာဖာမှ ဘိတ်ဟာနောင်အထိ ၂၅မိုင်ရှည်လမ်းတစ်လျှောက်လုံး အင်အား ၅၀၀၀၀ဖြင့် အင်အားပြ ကန့်ကွက်ဆန္ဒပြပွဲကြီး စီစဉ်ခြင်းဖြစ်သည်။ ဟားမတ်စ်စစ်သွေးကြွအုပ်စုက ဂါဇာကမ်းမြောင်ကို ဇွန်လက သိမ်းပိုက်လိုက်သောအခါ အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ကို ပိတ်ပစ်လိုက်သည်။

ငြိမ်းချမ်းစွာ ဆန္ဒပြရန်အတွက် ဂါဇာမှ ထောင်ပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးများသည် ဖေဖော်ဝါရီ ၂၅ရက်က တောင်မြောက်လမ်းမကြီးဆီသို့ သွားရောက်ကြသည်။ ဤတစ်ကြိမ်တွင် ပြီးခဲ့သည့်လက အဖြစ်မျိုး ထပ်မံကြုံတွေ့ရမည်ကို အစ္စရေးအာဏာပိုင်များက စိုးရိမ်သည်။ ပြီးခဲ့သည့်လက ဂါဇာကမ်းမြောင်နှင့် အီဂျစ်နိုင်ငံကို ပိုင်းခြားထားသည့်

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများမြင်ကွင်း။

ခြံစည်းရိုးအုတ်တံတိုင်းကို ပါလက်စတိုင်း စစ်သွေးကြွများက ဖြိုချကာ ပါလက်စတိုင်း ထောင်ပေါင်းများစွာတို့ ကျူးကျော်ကြမှု၊ အီဂျစ် လုံခြုံရေးများနှင့် ပါလက်စတိုင်းတို့ ရှန်းရင်းဆန်ခတ်ဖြစ်မှုမျိုးကို အစ္စရေးတို့က မလိုလားပေ။

စောစောပိုင်းကပင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့က ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်သည်။ ကြေညာချက်တွင် အစ္စရေးနိုင်ငံအနေဖြင့် မိမိပိုင်နက် နယ်မြေကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ကို ချိုးဖောက်ဖျက်ဆီး ဖြတ်ကျော်လာမည့်အရေးကို တားဆီးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖေဖော်ဝါရီ ၂၅ရက်က ပါလက်စတိုင်းတို့၏ ကန့်ကွက်ဆန္ဒပြပွဲ စတင်သည်နှင့် တစ်ပြိုင်နက် လူငယ်တစ်စုက အဲရက်လမ်းဆုံဂိတ်ကို တဖြည်းဖြည်း ကပ်လာပြီးနောက် ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။ မော်တော်ကားတာယာများကို မီးရှို့ဆန္ဒပြကြသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှု ရပ်သိမ်းပေးရေး ဥရောပသမဂ္ဂ(အီးယူ)က အစ္စရေးကို ပိုမိုဖိအားပေးရန် ပါလက်စတိုင်း ဟားမတ်စ်အုပ်စုက မေတ္တာရပ်ခံလိုက်သည်။

ကြိုဆို

ဥရောပပါလီမန်က အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ကို စီးပွားရေးပိတ်ပင်ထားမှု ရပ်သိမ်းပေးရန် ဖေဖော်ဝါရီ ၂၁ ရက်က တိုက်တွန်းလိုက်သည်။ ဟားမတ်စ်အုပ်စုက ယင်းလုပ်ရပ်ကို ကြိုဆိုသည်။

တစ်ဖန် ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရပ်စဲရန်လည်း ဥရောပပါလီမန်က တိုက်တွန်းလိုက်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၂ ရက်ကပင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ကို လေကြောင်းမှ ပစ်ခတ်သဖြင့် ပါလက်စတိုင်းနှစ်ဦးသေဆုံးသည်။ ထိုနှစ်ဦးမှာ အစ္စလမ္မစ်ဂျီဟတ်အဖွဲ့ဝင်များ ဖြစ်သည်ဆို၏။

နေ့စဉ်လိုလို အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ကြသည့် စစ်သွေးကြွများကို အစ္စရေးစစ်တပ်က မကြာခဏတိုက်ခိုက်သည်။ ဒုံးကျည်များဖြင့် အစ္စရေးကို ပစ်ရခြင်းမှာ အစ္စရေးတို့၏ ကျူးကျော်မှုကို လက်တုံ့ပြန်ခြင်းသာဖြစ်ကြောင်း ပါလက်စတိုင်း စစ်သွေးကြွအုပ်စုများက ပြောဆိုသည်။

ပါလက်စတိုင်းတို့အတွင်း၌ ဖာတာအုပ်စုနှင့် ဟားမတ်စ်အုပ်စုဟူ၍ အုပ်စုနှစ်စုရှိသည်။ ပါလက်စတိုင်း အရေးအရာအားလုံးကို ဤအုပ်စုနှစ်စုက ကြိုးကိုင်နေခြင်းဖြစ်သည်။

၂၀၀၈ခုနှစ်အကုန်တွင် ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိရေးဆိုသည်မှာလည်း အမှန်အားဖြင့် ဖာတာအုပ်စုခေါင်းဆောင်နှင့် ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်တို့နှစ်ဦးက ဦးစီးဦးဆောင်ပြု အကောင်အထည်ဖော်ရမည့် လုပ်ငန်းဖြစ်သည်။



ဂါဇာကမ်းမြောင်နှင့် အီဂျစ်နိုင်ငံအကြား ပိုင်းခြားထားသည့် အုတ်တံတိုင်း။

ဟားမတ်စ်အုပ်စုသည် ဖာတာအုပ်စုကို ဂါဇာကမ်းမြောင်မှ တိုက်ထုတ်ပြီး ဇွန်လမှစ၍ ဂါဇာကိုအုပ်စိုးထားသည့် အဖွဲ့ဖြစ်သည်။ ထိုအုပ်စုကို အမေရိကန်နှင့် အနောက်အုပ်စုက အကြမ်းဖက်အုပ်စုဟု သတ်မှတ်ထားသည်။ ထို့ကြောင့်ပင် အမေရိကန်နိုင်ငံ အနာပိုလစ်ဆွေးနွေးပွဲတွင် ဆီးရီးယားကိုယ်စားလှယ်ပင် တက်ရောက်ခဲ့သည့်တိုင်အောင် ဟားမတ်စ်အုပ်စုမှာ တက်ခွင့်မသာခဲ့။ အရှေ့အလယ် ပိုင်းငြိမ်းချမ်းရေးဟု ယေဘုယျပြောဆိုသုံးစွဲနေသော်လည်း အဓိကသော့ချက် ဖြေရှင်းရမည့် ပြဿနာမှာ ပါလက်စတိုင်း–အစ္စရေး ကိစ္စက ပထမ၊ ယင်းနှင့် နီးနွယ်ဆက်စပ်နေသောအကြောင်းအရာ ကိစ္စရပ်များက ဒုတိယပင် ဖြစ်သည်။

ယခုအခါ ၂၀၀၈ခုနှစ်အကုန် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးသဘောတူညီမှုရရှိရေး မျှော်မှန်းချက် မအောင်မမြင်ဖြစ်မည်ကို စိုးရိမ်နေရသည့် အချိန်အခါဖြစ်သည်။ နှစ်ပေါင်း ၄၀အတွင်း မအောင်မမြင်ဖြစ်ခဲ့ရသော ငြိမ်းချမ်းရေး အစီအစဉ်များက ယခုကဲ့သို့ စိုးရိမ်ရအောင် သာဓကများ ဆောင်ခဲ့ပြီ မဟုတ်ပါလား။ အရှေ့အလယ်ပိုင်းတွင် အကြမ်းဖက်မှုမှန်တိုင်းထန်လာလျှင်ငြိမ်းချမ်းရေး ကြိုးပမ်းမှု အောင်မြင်ရန်မှာ မရေမရာဖြစ်လာခဲ့တော့သည်။

ကြေညာ

ဤအတောအတွင်း ဟစ်ဇ်ဘိုလာ ပြောက်ကျားအဖွဲ့မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ အီမတ်မွတ်နီရပ်မှာ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော် ဗုံးပေါက်ကွဲမှုတွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ကြေညာသည်။

နှစ်ပေါင်းများစွာ ပိပိရိရိ တိမ်းရှောင်နိုင်ခဲ့သူ အီမတ်မွတ်နီရပ်မှာ အစ္စရေးနှင့် အမေရိကန်တို့က အထူးအလိုရှိနေသူဖြစ်သည်။ သူသည် ဟစ်ဇ်ဘိုလာ ထောက်လှမ်းရေးအရာရှိ တစ်ဦးဖြစ်သည်လည်း ဆိုသည်။ သူကွယ်လွန်ကြောင်း သတင်းရသောအခါ အစ္စရေးတို့က ကြိုဆိုကြသည်။ သူသည် ၁၉၉၀ပြည့်လွန်နှစ်များက ဗျူနိုအေရီစ်လေကြောင်းဗုံးခွဲမှုတွင် ပါဝင်ခဲ့သူဖြစ်သည်။

သူခေါင်းဆောင်သည့် ဟစ်ဇ်ဘိုလာအဖွဲ့ကို အီရန်အကူအညီဖြင့် လက်ဘနွန်ရှီးယိုက်တို့က ၁၉၈၂ခုနှစ်တွင် ဖွဲ့စည်းသည်။ လက်ဘနွန်နိုင်ငံရေးတွင် သူ့အဖွဲ့သည်အရေးပါသည့်ကဏ္ဍမှပါဝင်သည်။ ဤအဖွဲ့သည် အီရန်နှင့် ဆီးရီးယားနိုင်ငံတို့၏ မဟာမိတ်အဖွဲ့လည်းဖြစ်သည်။

လက်ဘနွန်နိုင်ငံအတွင်းသို့ ပါလက်စတိုင်းဒုက္ခသည်အမြောက်အမြား ရောက်ရှိ ခိုလှုံနေမှု၊ လက်ဘနွန်နှင့်အစ္စရေးနယ်ချင်းစပ်ထိတွေ့ဆက်ဆံမှုတို့ကြောင့်လက်ဘနွန်နိုင်ငံမှာ အာရပ်အစ္စရေးပဋိပက္ခတွင် ပါဝင်နေသည်။ ထို့အပြင် ပြည်တွင်းစစ်နှင့်ဒေသတွင်း ပဋိပက္ခတို့တွင်လက်ဘနွန်နိုင်ငံ လုံးထွေးရစ်ပတ်နှောင်ဖွဲ့နေသည်။ ထို့ကြောင့်ပင် ယင်း၏ဒဏ်ချက်များကို လက်ဘနွန်နိုင်ငံ ခံရခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးအပြီး ပြင်သစ်တို့ထူထောင်သည့် လက်ဘနွန် နိုင်ငံသည် ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်ရာ နိုင်ငံဖြစ်သော်လည်း ယခုအခါ လူဦးရေ ၆၀ရာခိုင်နှုန်းသည် မွတ်စလင်များဖြစ်၍ ခရစ်ယာန်ဘာသာဝင် ဦးရေမှာ ၄၀ရာခိုင်နှုန်းသာရှိသည်။ လက်ဘနွန်တွင် တရားဝင်အသိအမှတ်ပြု ဘာသာရေးဂိုဏ်း ၁၈ခုရှိသည်။ နိုင်ငံတော် အာဏာကိုလည်း ဘာသာရေး၊ လူမျိုးရေးအရ ခွဲဝေရယူသည်။

ဆက်ရှိနေ

သူ့ပြည်တွင်းမှ အစ္စရေးတပ်များကို နှင်ထုတ်ရာတွင် လက်ဘနွန်က အီရန်၏ အကူအညီရယူသည်။ လက်ဘနွန်မှ အစ္စရေးတပ်များသည် ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဆီးရီးယားတပ်များသည် ၂၀၀၅ခုနှစ်တွင်လည်းကောင်း ရုပ်သိမ်းပေးသည်။ သို့တိုင် ဆီးရီးယားနိုင်ငံသည် ဟစ်ဇ်ဘိုလာအဖွဲ့မှတစ်ဆင့် လက်ဘနွန်နိုင်ငံတွင် နိုင်ငံရေးဩဇာ ဆက်ရှိနေသည်။

မျက်မှောက်ကာလတွင် အီရန်၏ နျူကလီးယားအစီအစဉ်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကိုပင် အန်တုကာ နိုင်ငံတကာရေးရာ၌ ပြဿနာတက်နေသည်။ အီရတ်စစ်ပွဲနှင့် အီရတ်နိုင်ငံမြောက်ပိုင်းသို့ တူရကီက ပီကေကေသူပုန်များကို ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပြဿနာစတက်နေပေသည်။

ထိုထိုသော ပါလက်စတိုင်း–အစ္စရေး၊အစ္စရေးနှင့်ဆီးရီးယား၊ လက်ဘနွန်၊ အီရန်၊အီရတ်အစရှိသည့် ပြဿနာများမှာ တစ်စတစ်စကြီးထွားကာ မုန်တိုင်းထန်လာသည်။ ဤအတိုင်းသာ ဆက်ဖြစ်နေလျှင် ၂၀၀၈ခု နှစ်ကုန်ပိုင်းတွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိရန်မှာလွယ်ကူဦးမည် မဟုတ်ပါချေ။ ။

(ကိုးကား–အင်တာနက်)

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **အိန္ဒိယနိုင်ငံအရှေ့ပိုင်း နယူးဒေလီမြို့အနီး ဒုံးပျံလွှတ်တင်ရေးစခန်းမှနေ၍ နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်းကို ဖေဖော်ဝါရီ ၂၆ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်သည်။**(အပေါ်ပုံ)
- တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် ကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၆ရက်က ခရီးသည်တင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေသည်။
- **ဂျပန်နိုင်ငံအရှေ့ပိုင်း နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီ ၂၆ရက်က အမေရိကန်နိုင်ငံမှ ခရီးသည် ၄၀၃ဦး တင်ဆောင်လာသော လေယာဉ်တစ်စင်း အင်ဂျင်စက်မှ မီးခိုးများထွက်လာခဲ့သဖြင့် အရေးပေါ် ဆင်းသက်ခဲ့ရသည်။**
- အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းကမ်းလွန်၌ ဖေဖော်ဝါရီ ၂၆ရက်နံနက်က အင်အားရစ်ချ်တာစကေး ၇အဆင့်ရှိသော မြေငလျင်လှုပ်ခဲ့ရာ နေအိမ် အလုံး ၂၀ ပြိုကျခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- **ဖင်လန်နိုင်ငံ တန်ပီဘီမြို့တွင် ဖေဖော်ဝါရီ ၂၆ရက်က ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။**
- အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အနောက်ဘက်မိုင် ၄၀ခန့်အကွာ ကျေးရွာတစ်ရွာအနီး ဖေဖော်ဝါရီ ၂၆ရက်က ရှေးနှစ်ပေါင်း ၂၀၀၀ခန့်က အဆောက်အအုံတစ်ခုကို မြေအောက်မှ တူးဖော်တွေ့ရှိခဲ့သည်။
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တောင်ဘက် မိုင် ၁၂၀ခန့်အကွာ ကျေးရွာ၌ ဖေဖော်ဝါရီ ၂၆ရက်က မြေပြိုမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး နေအိမ်သုံးလုံး ပျက်စီးခဲ့သည်။**

ဘဝဒဿန အမြင်

- **East or west home is best.**
  ဘယ်မှာနေနေ မိမိအိမ်သည်သာ အကောင်းဆုံးနေရာ။
  အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

- **Living is an art.**
  အသက်ရှင်နေထိုင်ခြင်းသည် အတတ်ပညာတစ်ရပ် ဖြစ်သည်။
  ဂျေအာရ်အာရ်တိုကိန်း (အင်္ဂလိပ်စာရေးဆရာ)

သည်မိုး သည်လေ သည်လူတွေနဲ့

စာဖတ်သူတစ်ဦး

၁၉၈၈ခုနှစ်ကနေ ဒီနေ့အထိ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အသွင်ကူးပြောင်းရေးကာလ တစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေရတဲ့ အခြေအနေဖြစ်တယ်ဆိုတာ အားလုံးအသိပါပဲ။ ၁၉၈၈ခုနှစ်အထိ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့စနစ်ဟာ ဆိုရှယ်လစ်စနစ် ဖြစ်ပါတယ်။ အဲဒီဆိုရှယ်လစ်စနစ် ကျင့်သုံးမှုကို မလိုလားကြတော့တဲ့အတွက် ပြည်သူလူထုက ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ ဆန္ဒပြုခဲ့ကြပါတယ်။

ပြည်သူလူထုရဲ့ ရိုးသားဖြောင့်မှန်တဲ့ အဲဒီဆန္ဒကို လက်ဝဲလက်ယာ နိုင်ငံရေးသမားတွေက အလွဲသုံးစားပြုပြီး ၎င်းတို့ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် ဆူပူအုံကြွအကြမ်းဖက်မှုတွေ ဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်ခဲ့ကြတယ်။ တိုင်းပြည်မှာ မင်းမဲ့စရိုက်တွေ ထူပြောပြီး တစ်မျိုးသားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင် ပျောက်လုနီးပါး ဖြစ်ခဲ့ရတယ်။ သူတစ်လူငါတစ်မင်းနဲ့ ထိန်းမနိုင်သိမ်းမရ အခြေအနေတွေ ဖြစ်ပွားလာတာကြောင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရတော့မတတ် ဖြစ်ခဲ့ရတယ်။

တပ်မတော်က နိုင်ငံတော် တာဝန်အရပ်ရပ်ကို မလွှဲသာ မရှောင်သာဘဲ ထိန်းသိမ်းရယူခဲ့ရတယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ အာဏာပိုင်အဖွဲ့အစည်း အရပ်ရပ်ကို ဖျက်သိမ်းပေးခဲ့တယ်။ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးခဲ့တယ်။ ပွဲလန့်တုန်းဖျာဝင်ခင်းကြတဲ့ နိုင်ငံရေးသမားတွေနဲ့ တောကြောင် အဖျက်သမားတွေရဲ့ ဆူပူသောင်းကျန်းမှုတွေကို နှိမ်နင်းခဲ့ရတယ်။

အဲဒီအချိန်မှာ တစ်ပါတီဦးဆောင်မှုစနစ်ကို အခြေပြုရေးဆွဲထားတဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပျက်ပြယ်သွားခဲ့ပြီဖြစ်တယ်။ ပြည်သူရဲ့အဓိကလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုဖြစ်သလို နိုင်ငံတော်ရဲ့ ပဓာန လိုအပ်ချက်ဟာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေး စနစ်ကို ဖော်ဆောင်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်တယ်ဆိုတာ မှန်ကန်ပြီး သဘာဝကျတဲ့ ဖြစ်စဉ်တစ်ခုပါပဲ။

ဒါကြောင့်မို့ တပ်မတော်အစိုးရဟာ နိုင်ငံတော်မှာ မရှိမဖြစ် လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို ဦးတည်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့မှာ ကျင်းပပေးခဲ့တယ်။ အဲဒီမတိုင်မီ ၂၇–၉–၈၈ ရက်နေ့မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကိုပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီဥပဒေအရ ကော်မရှင်မှာ မှတ်ပုံတင်ခဲ့တဲ့ ပါတီပေါင်း ၂၃၅ပါတီအထိ ရှိခဲ့တယ်။

အဲဒီလို နိုင်ငံရေးပါတီတွေ ကမ္ဘာ့စံချိန်တင်လောက်အောင် မှတ်ပုံတင်ဖွဲ့စည်းနိုင်ခဲ့ကြပေမယ့် တပ်မတော်အစိုးရက ကျင်းပပေးမယ့် ရွေးကောက်ပွဲဟာ တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်မှာမဟုတ်ဘူးလို့ အာဏာကို ဖြတ်လမ်းနည်းနဲ့ လိုချင်ကြတဲ့ နိုင်ငံရေးဝိသမသမားတွေက အမျိုးမျိုးစွပ်စွဲပုတ်ခတ်ခဲ့ကြတယ်။ ပြည်ပမှ ဝင်ရောက်စွက်ဖက် ခြေရှုပ်လာအောင်လည်း ရေလာမြောင်းပေးလုပ်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းက သူတို့ကြောက်ကန်ကန်နေတဲ့ အဓိကအကြောင်းရင်းဟာ ဘာလဲ၊ ရွေးကောက်ပွဲမှာ သူတို့ပါတီ အနိုင်မရမှာ စိုးလို့ပါပဲ။

ရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရှိတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အချင်းကို သမာသမတ်ကျကျနဲ့ ဖြောင့်မတ်မှန်ကန်စွာ ပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီအရည်အချင်း သတ်မှတ်ချက်ဟာ မြန်မာ့လွတ်လပ်ရေးရရှိဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားလုံးနဲ့ ညှိနှိုင်းသဘောတူပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ သတ်မှတ်ချက်အတိုင်းပဲ ဖြစ်တယ်ဆိုတာ အားလုံး အသိပါပဲ။

ထို့အတူပဲ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အဲဒီပြဋ္ဌာန်းချက်အတိုင်း ဆက်ခံကျင့်သုံးခဲ့တယ်။ ဒါဟာ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံမှာ ကိုလိုနီနယ်ချဲ့ရဲ့ ရုပ်သေးရုပ်တွေ အချုပ်အခြာအာဏာကို အလွဲသုံးစားမပြုလုပ်နိုင်ဖို့အတွက် အမြော်အမြင်ကြီးစွာနဲ့ သတ်မှတ်ပြဋ္ဌာန်းခဲ့တယ်ဆိုတာ အမျိုးသားရေးစိတ်ဓာတ်ရှိသူတိုင်း သဘောပေါက်ကြပါတယ်။

ဒါပေမယ့် အမျိုးသားနိုင်ငံရေးကို အလေးမထားဘဲ ပါတီနိုင်ငံရေးကိုသာ သဲကြီးမဲကြီးဖြစ်နေကြတဲ့ နိုင်ငံရေးဝိသမလောဘသမားတွေက အဲဒီပြဋ္ဌာန်းချက်ကို မလိုလားဘဲ တူးတူးခါးခါး ဆန့်ကျင်ဝေဖန် ပုတ်ခတ်ခဲ့ကြတယ်။ ပြည်သူလူထုက အဲဒီပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီး တုပ်တုပ်မျှမလှုပ်တဲ့အတွက် ပါတီနိုင်ငံရေးသမားတွေ အသာလျှိုပြီး ရွေးကောက်ပွဲဝင်ရောက်ခဲ့ကြတာ အားလုံး မှတ်မိကြဦးမှာဖြစ်တယ်။

သူတို့ရဲ့ အကြံအစည်က ရွေးကောက်ပွဲမှာ အနိုင်ရအောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ်ပြီး လွှတ်တော်ခေါ်မယ်၊ အဲဒီလွှတ်တော်မှာ အနိုင်ရပါတီက လက်ဝါးကြီးအုပ်ပြီး သူတို့စိတ်ကြိုက်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမယ်၊ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခုနက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သတ်မှတ်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းကို ပယ်ဖျက်ပြီး လိုရာဆွဲ ရေးသားမယ်ဆိုတဲ့ မကြံကောင်း မစည်ရာပဲ ဖြစ်တယ်။

၁၉၉၀ပြည့်နှစ် မေလ၂၇ရက်နေ့မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အလွတ်လပ်ဆုံးနဲ့ တရားအမျှတဆုံး ဖြစ်အောင် ကျင်းပပေးခဲ့တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့တဲ့ ၁၉၉၀ပြည့်နှစ်ကာလမှာ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၄၂သန်းမျှသာရှိတယ်။ အဲဒီတုန်းက အသက်၁၈နှစ်ပြည့်လို့ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေဟာ သန်း၂၀ကျော် (၂၀၁၈၁၃၁၃)ဦး ဖြစ်တယ်။ တစ်နိုင်ငံလုံးမှာ မဲဆန္ဒနယ်၄၉၂နယ် သတ်မှတ်ထားပေမယ့် လုံခြုံရေးအခြေအနေကြောင့် မဲဆန္ဒနယ် ၄၈၅နယ်မှာသာ ရွေးကောက်ပွဲ ကျင်းပနိုင်တယ်။ ရွေးကောက်ပွဲကို လာရောက်မဲဆန္ဒပေးခဲ့သူ လူဦးရေဟာ ၁၅သန်းကျော် (၁၅၁၁၂၅၂၄)ဦးသာ ရှိခဲ့တယ်။ ဒါကြောင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းဟာ ၇၂ဒသမ၅၉ရာခိုင်နှုန်းဖြစ်တယ်။ အဲဒီအနက်မှ NLD ကိုယ်စားလှယ်တွေဟာ မဲ ၈သန်းနီးပါး (၇၉၃၄၆၂၂)ရပြီး အနိုင်ရသွားတယ်။ အဲဒီမဲအရေအတွက်ဟာ ထိုစဉ်က လူဦးရေ ၄၂သန်းအနက် အနည်းစုရဲ့ထောက်ခံမှုသာ ဖြစ်တယ်ဆိုတာ မှတ်တမ်းမှတ်ရာတွေ အထင်အရှား ရှိထားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ NLD အပါအဝင် အခြားပါတီတွေက အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေရဲ့ အဓိက တာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးပဲဖြစ်တယ်ဆိုတာ သာမန်ပြည်သူတွေတောင် သိထားတဲ့အချက်ပါပဲ။

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၉၃ပါတီရှိတယ်။ပါတီအသီးသီးရဲ့ သဘောထားကြေညာချက်တွေကို ထုတ်ပြန်ကြေညာခဲ့ရာမှာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်သုံးစွဲမယ်လို့ ဖော်ပြခဲ့တဲ့ ပါတီခုနစ်ပါတီရှိတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သုံးစွဲမယ်လို့ ဖော်ပြတဲ့ နိုင်ငံရေးပါတီ မရှိခဲ့ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲမယ်လို့ ဖော်ပြထားတဲ့ နိုင်ငံရေးပါတီ ၃၁ပါတီရှိပြီး အခြေခံဥပဒေသစ် ရေးဆွဲမယ်လို့ ယူဆနိုင်တဲ့ နိုင်ငံရေးပါတီ ၄၄ပါတီရှိတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့စပ်လျဉ်းပြီး သဘောထားလုံးဝ ဖော်ပြခြင်းမရှိတဲ့ နိုင်ငံရေးပါတီက ၁၁ပါတီရှိတယ်။

တိုင်းရင်းသား ပါတီများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့က (၈)ပြည်နယ်မူဖြစ်ပြီး မရာပြည်သူ့ပါတီက(၁၀)ပြည်နယ်ထားရှိဖွဲ့စည်းဖို့ဆိုတဲ့ ပြည်နယ်ဖွဲ့စည်းရေး သဘောထားများကို ဖော်ပြခဲ့ကြတယ်။

ဒါ့အပြင် အမျိုးသားညီညွတ်ရေးကွန်ဂရက်၊ ဒီမိုကရက်တစ်လူ့အခွင့်အရေးပါတီ၊ လွတ်လပ်သော မြန်မာပြည်သူများအဖွဲ့ချုပ်၊ အမျိုးသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီတို့က (၄)ပါတီအဖြစ်မှ (၁)ပါတီတည်းဖြစ်အောင် ဖွဲ့စည်းခဲ့တယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ NLDက တစ်ပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံကိုခေါ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ညှိနှိုင်းတဲ့ကာလမှာ အဓိက အချက်နှစ်ချက် တောင်းဆိုဖို့ပဲဖြစ်တယ်။ ပထမတောင်းဆိုချက်က ဘာသာရေးကိုအခြေခံပြီး လူမျိုးစုတစ်စုထူထောင်ခွင့်ပြုရေးဖြစ်တယ်။ ဒုတိယတောင်းဆိုချက်ကတော့ ထိုလူမျိုးစုများ အများစုနေထိုင်ရာ ဒေသတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးဖြစ်တယ်။ အလားတူလူမျိုးစုအသစ်၊ ပြည်နယ်အသစ် တောင်းဆိုမှုတွေဟာ အဲဒီတုန်းက နိုင်ငံရေးပါတီများအကြားမှာ ရေပန်းစားခဲ့တယ်။

အဲဒီ လှုပ်ရှားဆောင်ရွက်မှုတွေကိုကြည့်ရင် ပြည်သူလူထုရဲ့ ပါတီစုံဒီမိုကရေစီစနစ်လိုလားမှုကို ခုတုံးလုပ်ပြီး တစ်နေ့မှာ ပြည်ထောင်စုဖြိုခွဲရေးအထိ အကြံအစည်တွေရှိနေတယ်ဆိုတာ လူတိုင်း သဘောပေါက်နိုင်ပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရဟာ ရွေးကောက်ပွဲကျင်းပပြီးတာနဲ့ ရေးမနှောင်းမှာပဲ အနာဂတ်နိုင်ငံတော်ကို ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆောက်နိုင်ရေး ရည်မှန်းပြီး ၁၉၉၀ပြည့်နှစ် ဇူလိုင်လ ၂၇ရက်နေ့မှာ ကြေညာချက်အမှတ် (၁/၉၀)ကို ထုတ်ပြန်ခဲ့တယ်။ အဲဒီကြေညာချက်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်ကြရမယ့် လုပ်ငန်းတာဝန်တွေကို ညွှန်ပြထားတယ်။

ဒါ့အပြင် **“နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်သူ့လွှတ်တော်တစ်ရပ်ပေါ်ပေါက်ရုံဖြင့် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာဟူသော အချုပ်အခြာအာဏာသုံးရပ်ကို အလိုအလျောက်မရရှိဘဲ အခြေခံဥပဒေတစ်ရပ်အပေါ် အခြေခံပြု၍သာ ရယူနိုင်ကြောင်း”** ဟူ၍လည်းကောင်း၊ ယင်းအခြေအနေအရ **“ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်”** ဟူ၍လည်းကောင်း၊ **“ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ နိုးကြားလာသော တိုင်းရင်းသားလူမျိုးများ အများအပြားရှိရာ ၎င်းတို့၏ ဆန္ဒသဘောထားကို ညှိနှိုင်းရယူပြီး ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်နေသည်”** ဟူ၍လည်းကောင်း ရှင်းလင်းစွာ ဖော်ပြအသိပေးခဲ့တယ်။

ဒါပေမယ့် ဒီယုန်မြင်လို့ ဒီချုံထွင်ချင်တဲ့ NLD ကတော့ ပြည်သူ့လွှတ်တော်ကို စက်တင်ဘာလအတွင်း ခေါ်ယူပေးရမယ်။ သူတို့ တစ်ဖက်သတ်ရေးဆွဲထားတဲ့ ၁၉၉၀ပြည့်နှစ် ယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ အာဏာလွှဲပြောင်းပေးရမယ်၊ ပြည်သူ့လွှတ်တော်မှာ အာဏာရရှိပြီးမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ပြည်သူ့လွှတ်တော်က ဆက်လက်ရေးဆွဲမယ်ဆိုတဲ့ တောင်းဆိုချက်တွေပါဝင်တဲ့ ဂန္ဒီခန်းမကြေညာစာတမ်းကို ထုတ်ပြန်တောင်းဆို ခဲ့တယ်။

အဲဒီဂန္ဒီခန်းမကြေညာစာတမ်းကို ၁၉၉၀ပြည့်နှစ် ဇူလိုင်လ ၂၈ရက်နှင့် ၂၉ရက်နေ့မှာ NLDပါတီမှ အရွေးချယ်ခံကိုယ်စားလှယ်တွေအစည်းအဝေးလုပ်ပြီး ဆုံးဖြတ်တောင်းဆိုခဲ့တာဖြစ်တယ်။

၁၉၉၀ပြည့်နှစ်အတွင်းမှာပဲ NLDဟာ မန္တလေးမှာ လူစုလူဝေးနဲ့ ဆူပူအုံကြွမှုဖန်တီးပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့ အားထုတ်ခဲ့တယ်။ မအောင်မြင်တော့ အမျိုးသားဒီမိုကရေစီပါတီ ဥက္ကဋ္ဌ စိန်ဝင်း (ဒေါ်စုကြည်၏မောင်ဝမ်းကွဲ)နဲ့ NLDကိုယ်စားလှယ်ရှစ်ဦး၊ တစ်သီးပုဂ္ဂလနှစ်ဦး စုစုပေါင်း၁၁ဦးတို့ဟာ ဥပဒေကိုကျော်ခိုင်းပြီး KNUရဲ့ မာနယ်ပလောစခန်းကို ထွက်ပြေးတယ်။ ပြည်ပြေးစိန်ဝင်းက ၎င်းတို့ကို နယ်စပ်မှာ လွှတ်တော်အစည်းအဝေးခေါ်ယူပြီး အမျိုးသားညွန့်ပေါင်းအစိုးရဖွဲ့ဖို့ မြန်မာနိုင်ငံမှ NLD ကိုယ်စားလှယ် ၂၅၀က အာဏာပေးလွှဲအပ်လက်မှတ်ရေးထိုးပေးလိုက်ကြောင်း လိမ်လည်ကြေညာပြီး ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာလ၁၈ရက်နေ့မှာ NCGUB ကိုဖွဲ့ကာ စင်ပြိုင်အစိုးရထောင်ခဲ့တယ်။

၁၉၉၂ခုနှစ် ဩဂုတ်လ၄ရက်နေ့မှာ လ
သူ အဖွဲ့တွေဖြစ်တဲ့ DAB(Democrati
ပြည်ပြေးစိန်ဝင်းရဲ့ NCGUBနဲ့ ပြည်ပြေး N
မြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB(Na
of Burma) ကို ဖွဲ့စည်းတယ်။ ဒါ့အပြ
စစ်ရေးနည်းလမ်းသာမက နိုင်ငံရေး၊ သံ
ဆန့်ကျင်တိုက်ခိုက်ဖို့ ရည်ရွယ်ချက်နဲ့ အာဏ
ကော်မတီ (Political Defiance Comm
ဇန်နဝါရီလမှာ ထပ်ဆင့်ဖွဲ့စည်းခဲ့တယ်။
ဒီအဖွဲ့ကို KNU, DPNS, ABSDF
ဖွဲ့စည်းပြီး နိုင်ငံတော်နဲ့ပြည်သူလူထု ပူးပေါ
လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအတွင်း အာ
ဖြစ်ပေါ်ရန် လှုံ့ဆော်ခြင်း၊ ဒီဖြစ်ရပ်များနဲ
သံတမန်ရေးထိုးစစ် အရှိန်မြှင့်တင်ခြင်းတို
ပြည်တွင်းသို့ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီး
ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့တယ်။
မှုဖြစ်ပေါ်စေဖို့ အမာခံယူဂျီတွေ စေလွှ
သက်ဆိုင်ရာက ၎င်းအဖျက်သမားတွေကို ယ
ဖမ်းဆီးပြီး အရေးယူနေရဆဲဖြစ်တယ်။
NLD က ဖွဲ့စည်းပုံ အခြေခံဥပဒေ
လက်မခံဘဲ ငြင်းဆန်ခဲ့လို့ ဖွဲ့စည်းပုံအခြေ
လုပ်ငန်းစဉ်ဟာ နှစ်နှစ်နီးပါး ဓာတ်မျောနေခဲ့
တွေရဲ့ လိုလားချက်ကို မျက်ခြည်ပြတ်မခံ
ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်
ရှေ့ဆောင် စည်းရုံးခဲ့ရတယ်။
၂၆–၃–၉၀ ရက်နေ့မှာ NLDဗဟိုအ
၎င်းတို့ရဲ့ပါတီအထွေထွေအတွင်းရေးမှူး
ပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃
ပါတီဝင် အဖြစ်မှ ထုတ်ပယ်ကြောင်း တ
NLDဥက္ကဋ္ဌဖြစ်တဲ့ ဦးတင်ဦးကိုလည်း ပါ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦး
ဦးလွင်တို့နဲ့ ပြန်လည်ဖွဲ့စည်းခဲ့တယ်။
အစိုးရဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေရေး
ညီလာခံကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအ
ဇွန်လနဲ့ ဇူလိုင်လအတွင်း ကျင်းပပေးတ
ရွေးချယ်ခံထားရတဲ့ နိုင်ငံရေးပါတီတွေက
တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေ စုစုပေါ
တယ်။ အဲဒီ အစည်းအဝေးများမှာ အကျေ
ပြီးနောက် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့က
ဖိတ်ကြားဖို့ အားလုံးသဘောတူ ဆုံးဖြတ်
အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ် ဇန်န
ကျင်းပတယ်။ NLDမှ ဥက္ကဋ္ဌ ဦးအောင်ရွှေ
၈၆ယောက်နဲ့ရှမ်းတိုင်းရင်းသားများ ဒီမိုကရေ
များလည်း ပါဝင်တက်ရောက်ဆွေးနွေး
ညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်၊ ခေါင်းစဉ်
(၁၀၄)ချက်တို့ကို အများသဘောတူ ဆုံးဖြ
အမျိုးသားညီလာခံ ကျင်းပနေစဉ်ကာ
စက်တင်ဘာလ ၂၀ ရက်နေ့မှာ နိုင်ငံတော်အ
သန်းရွှေဟာ ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့တ
၂၈ရက်နေ့မှာ နိုင်ငံတော်မှ တာဝန်ရှိသူ
ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြတယ်၊
ဇူလိုင်လ ၁၀ရက်နေ့မှာ ဒေါ်စုကြည်အပေါ်
များကို ရုပ်သိမ်းပေးခဲ့တယ်။
ဒါပေမယ့် နောက်တစ်နေ့မှာ ဒေါ်
ရှင်းလင်းပွဲပြုလုပ်ပြီး တွေ့ဆုံဆွေးနွေးရေ

လူတစ်ဦးတစ်ယောက်တစ်စုတစ်ဖွဲ့ရဲ့ တောင်းဆိုလိုလားချက်တိုင်းကိုသာ ခွင့်ပြုလိုက်လျောနေရမယ်ဆိုရင် အနာဂ
နိုင်ငံတော် တည်ဆောက်ရေးဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်ဟာ ဂျာအေးသူ့အမေရိုက်တဲ့ ကိန်းဆိုက်နေဦးမှာ
ဖေဖော်ဝါရီလ ၁၉ရက်နေ့မှာ ရေးဆွဲအတည်ပြုပြီးစီးခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းဟာ အနာဂတ်နိုင
ကာလဒေသ အခြေအနေအရ အကောင်းဆုံးအုတ်မြစ်ပဲဆိုတာ ပြည်သူတစ်ရပ်လုံးက လက်ခံယုံကြည်ထားကြပြီးဖြစ်။ ဖွဲ့
ဥပဒေ ရေးဆွဲရာမှာ အခြေခံခဲ့တဲ့မူတွေနဲ့ အသေးစိတ်အခြေခံထားတဲ့မူတွေကိုလည်း အမျိုးသားညီလာခံကျင်းပစဉ် ကာ
လုံးမှာ သတင်းစာမှာရော ရေဒီယို၊ ရုပ်မြင်သံကြားမကျန် စာအုပ်စာစောင်များအထိ ထုတ်ပြန်ထုတ်ဝေအသိပေး ချ
ပြည်သူလူထုအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် နှံ့စပ်သိမြင် လက်ခံနေကြပြီးလည်းဖြစ်။

၁၉၉၂ခုနှစ် ဩဂုတ်လ၄ရက်နေ့မှာ လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့တွေဖြစ်တဲ့ DAB(Democratic Alliance of Burma)၊ ပြည်ပြေးစိန်ဝင်းရဲ့ NCGUBနဲ့ ပြည်ပြေး NLDအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB(National Council Union of Burma) ကို ဖွဲ့စည်းတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရကို စစ်ရေးနည်းလမ်းသာမက နိုင်ငံရေး၊ သံတမန်ရေးနည်းလမ်းတို့နဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ ရည်ရွယ်ချက်နဲ့ အာဏာဖီဆန်ရေး လူထုတိုက်ပွဲကော်မတီ (Political Defiance Committee) ကို ၁၉၉၃ခုနှစ် ဇန်နဝါရီလမှာ ထပ်ဆင့်ဖွဲ့စည်းခဲ့တယ်။

ဒီအဖွဲ့ကို KNU, DPNS, ABSDF အဖွဲ့တို့က ဦးဆောင်ဖွဲ့စည်းပြီး နိုင်ငံတော်နဲ့ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှု မရှိစေဖို့ လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအတွင်း အာဏာဖီဆန်ရေးတိုက်ပွဲများ ဖြစ်ပေါ်ရန် လှုံ့ဆော်ခြင်း၊ ဒီဖြစ်ရပ်များနဲ့ ဆက်စပ်ပြီး စစ်ရေး၊ သံတမန်ရေးထိုးစစ် အရှိန်မြှင့်တင်ခြင်းတို့ကို စီမံပြုလုပ်ခဲ့တယ်။ ပြည်တွင်းသို့ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးသမားများ စေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့တယ်။ ပြည်တွင်းမှာ ဆူပူအုံကြွမှုဖြစ်ပေါ်စေဖို့ အမာခံယူဂျီတွေ စေလွှတ်ပြီး လှုံ့ဆော်ခဲ့တယ်။ သက်ဆိုင်ရာက ၎င်းအဖျက်သမားတွေကို ယနေ့ထက်တိုင် ဖော်ထုတ်ဖမ်းဆီးပြီး အရေးယူနေရဆဲဖြစ်တယ်။

NLD က ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး တာဝန်ကို လက်မခံဘဲ ငြင်းဆန်ခဲ့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေး လုပ်ငန်းစဉ်ဟာ နှစ်နှစ်နီးပါး ဇာတ်မျောနေခဲ့တယ်။ ဒါကြောင့်ပြည်သူတွေရဲ့ လိုလားချက်ကို မျက်ခြည်ပြတ်မခံတဲ့ တပ်မတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် တာဝန်ယူရှေ့ဆောင် စည်းရုံးခဲ့ရတယ်။

၂၆-၃-၉၀ ရက်နေ့မှာ NLDဗဟိုအလုပ်အမှု ဆောင်အဖွဲ့က ၎င်းတို့ရဲ့ပါတီအထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်ဟာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃(ဃ)နဲ့ ငြိစွန်းမှုရှိနေလို့ ပါတီဝင် အဖြစ်မှ ထုတ်ပယ်ကြောင်း တရားဝင်ကြေညာခဲ့တယ်။ NLDဥက္ကဋ္ဌဖြစ်တဲ့ ဦးတင်ဦးကိုလည်း ပါတီမှထုတ်ပယ်ခဲ့ပြီး NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်တို့နဲ့ ပြန်လည်ဖွဲ့စည်းခဲ့တယ်။

အစိုးရဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးများကို ၁၉၉၂ ခုနှစ် ဇွန်လနဲ့ ဇူလိုင်လအတွင်း ကျင်းပပေးတယ်။ NLD အပါအဝင် ရွေးချယ်ခံထားရတဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေ စုစုပေါင်း၂၉ဦး တက်ရောက်ကြတယ်။ အဲဒီ အစည်းအဝေးများမှာ အကျေအလည် ညှိနှိုင်းဆွေးနွေးပြီးနောက် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့ကို အမျိုးသားညီလာခံသို့ ဖိတ်ကြားဖို့ အားလုံးသဘောတူ ဆုံးဖြတ်ခဲ့တယ်။

အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှာစတင်ကျင်းပတယ်။ NLDမှ ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင်ကိုယ်စားလှယ် ၈၆ယောက်နဲ့ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ဆွေးနွေး ညှိနှိုင်းခဲ့ပြီး အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်၊ ခေါင်းစဉ်(၁၅)ခု၊ အခြေခံရမည့်မှု (၁၀၄)ချက်တို့ကို အများသဘောတူ ဆုံးဖြတ်ချမှတ်နိုင်ခဲ့ကြတယ်။

အမျိုးသားညီလာခံ ကျင်းပနေစဉ်ကာလအတွင်း ၁၉၉၄ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ အောက်တိုဘာလ ၂၈ရက်နေ့မှာ နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ဒေါ်စုကြည်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ဒီနောက် ၁၉၉၅ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့မှာ ဒေါ်စုကြည်အပေါ် တားဆီးကန့်သတ်ခဲ့မှုများကို ရုပ်သိမ်းပေးခဲ့တယ်။

ဒါပေမယ့် နောက်တစ်နေ့မှာ ဒေါ်စုကြည်က သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး တွေ့ဆုံဆွေးနွေးရေး သို့မဟုတ် အလုံးစုံ

...လိုက်လျောနေရမယ်ဆိုရင် အနာဂတ် ဒီမိုကရေစီ ...အမေရိုက်တဲ့ ကိန်းဆိုက်နေဦးမှာ သေချာ။ ယခု ...ခြေခံဥပဒေမူကြမ်းဟာ အနာဂတ်နိုင်ငံတော်အတွက် ... လက်ခံယုံကြည်ထားကြပြီးဖြစ်။ ဖွဲ့စည်းပုံအခြေခံ ... အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက် ... ထုတ်ပြန်ထုတ်ဝေအသိပေး ချပြထားပြီးဖြစ်လို့ ...ဖြစ်။

ပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် ကြိုက်ရာရွေးရမယ်လို့ တရားဝင်ထုတ်ဖော်ပြောကြားတယ်။ အမျိုးသားညီလာခံကိုလည်း ဝေဖန်ပုတ်ခတ်ခဲ့တယ်။

၁၉၉၅ခုနှစ် စက်တင်ဘာလမှာ အမေရိကန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် Ms. Medeline K Albright မြန်မာနိုင်ငံကို ရောက်လာပြီး နိုင်ငံတော်မှတာဝန်ရှိသူများနဲ့ တွေ့ဆုံတယ်။ ပြန်လည်ထွက်ခွာမယ့်နေ့မှာ ဒေါ်စုကြည်နဲ့လည်း နှစ်ယောက်တည်း တွေ့ဆုံခဲ့တယ်။ နေ့လယ်ပိုင်းမှာ ဒေါ်စုကြည်ဟာ သတင်းဌာနတစ်ခုနဲ့ တွေ့ဆုံပြီး အမျိုးသားညီလာခံနဲ့ပတ်သက်တဲ့ ကြေညာချက်ထုတ်ပြန်မယ်လို့ ပြောကြားတယ်။

၁၉၉၅ခုနှစ် နိုဝင်ဘာ ၂၈ရက်နေ့မှာ ဒေါ်စုကြည်ရဲ့ ညွှန်ကြားချက်အရ အမျိုးသားညီလာခံ တက်ရောက်နေတဲ့ NLD ပါတီကိုယ်စားလှယ်များဟာ အမျိုးသားညီလာခံကနေ ထွက်ခွာသွားကြတယ်။ ဒီလို NLD ရဲ့အဖျက်အမှောင့်တွေကြောင့် အမျိုးသားညီလာခံကို ၁၉၉၆ခုနှစ်မှာ ခေတ္တရပ်ဆိုင်းခဲ့ရတယ်။

တကယ်လို့သာ NLDပါတီအနေနဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့အကျိုးစီးပွား၊ ပါတီတစ်ခုတည်းရဲ့ အကျိုးစီးပွားကိုမကြည့်ဘဲ နိုင်ငံတော်နဲ့ပြည်သူများရဲ့ အကျိုးစီးပွားကိုသာ ရှေးရှုပြီး အမျိုးသားညီလာခံမှာ ဆက်လက်ပါဝင် ဆွေးနွေးခဲ့မယ်ဆိုရင် အဲဒီနှစ်ပိုင်းအတွင်းမှာပဲ အမျိုးသားညီလာခံပြီးဆုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လည်း ပေါ်ပေါက်ပြီးဖြစ်လို့ ဒီနေ့အချိန်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်နေနိုင်လောက်ပြီ ဖြစ်တယ်။

ဒီနေရာမှာ NLD နဲ့ ဒေါ်စုကြည်အနေနဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွား၊ ပါတီတစ်ခုတည်းရဲ့ အကျိုးစီးပွားကိုသာ တစ်စိုက်မတ်မတ်ကြည့်ခဲ့၊ ဦးစားပေးခဲ့တယ်။ အခုလို အမျိုးသားညီလာခံကနေ ထွက်ခွာသွားကြရတဲ့ အဓိကအကြောင်းက ဘာလဲဆိုရင် အမျိုးသားညီလာခံက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်မရှိတဲ့ အသေးစိတ် အခြေခံရမယ့်မှု (၁၂)ချက်ကို ချမှတ်ခဲ့လို့ပဲ ဖြစ်တယ်။ အဲဒီအသေးစိတ်အခြေခံရမယ့်မှုတွေထဲမှာ ၁၉၄၇ခုနှစ်က ဒေါ်စုကြည်ရဲ့ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တင်ပြလို့ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့ မူကြီး(၃)ရပ် ပါဝင်လာခဲ့လို့ပဲဖြစ်တယ်။

အဲဒီအခြေခံမှု (၃)ရပ်ကတော့–

- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို စောင့်ရှောက်ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ။
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ။
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ၊ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း၊ သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည့်တိုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။

အဲဒီ အသေးစိတ်အခြေခံရမယ့်မှု(၃)ရပ်ကို အမျိုးသားညီလာခံကို တက်ရောက်ခဲ့တဲ့ NLD ဥက္ကဋ္ဌဦးအောင်ရွှေ အပါအဝင် ကိုယ်စားလှယ်၈၆ဦးကိုယ်တိုင် အခြားညီလာခံကိုယ်စားလှယ်တွေနဲ့အတူ အများသဘောတူညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ခဲ့ကြတာပဲဖြစ်တယ်။

ဒါပေမယ့် အဲဒီ အသေးစိတ်အခြေခံရမယ့်မှု (၃)ချက်ကို ပယ်ဖျက်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကို အနောက်ဆရာကြီးများအလိုကျ မောင်ပိုင်စီးချင်တဲ့ ဒေါ်စုကြည်နဲ့ NLDဟာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားကို ဦးတည်ရေးဆွဲနေတဲ့ အမျိုးသားညီလာခံကြီး ပျက်ပြားအောင် တစ်စိုက်မတ်မတ် ဖျက်လိုဖျက်ဆီးလုပ်ခဲ့တယ်။ ပြည်တွင်းပြည်ပအဖျက်သမားတွေနဲ့ လက်ဝါးချင်းရိုက်ပြီး ပြည်သူလူထုရဲ့ မျက်နှာကိုမထောက်ဘဲ နည်းမျိုးစုံ ကြိုးပမ်းလုပ်ဆောင်ခဲ့တယ်။

နိုင်ငံတော်နဲ့ပြည်သူတွေ အကျပ်အတည်းအခက်အခဲဖြစ်အောင် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှု၊ စီးပွားရေးပိတ်ဆို့မှု၊ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးမှု၊ ပြည်ပမှဝင်ရောက် အကျပ်ကိုင် ဖိအားပေးမှုတွေနဲ့ ဖျက်လိုဖျက်ဆီး လုပ်ခဲ့တာဖြစ်တယ်။

ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကတော့ ရှိရင်းစွဲ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ပေးမယ့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံကို တစ်ခဲနက် ထောက်ခံကြိုဆိုခဲ့ကြတယ်။

ပြည်ထောင်စုစနစ်ကို မလိုလားတဲ့ KNU သောင်းကျန်းသူတွေက ၁၉၉၈ခုနှစ်မှာ မဲသရောထ ကြေညာချက်ကို ထုတ်ပြန်ပြီး ရှစ်ပြည်နယ်မူကို ထပ်မံအသက်သွင်းဖို့ ကြိုးပမ်းခဲ့တယ်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားနဲ့ တစ်ပါတီအာဏာရရှိရေးကို

အမျိုးသားညီလာခံကို အချိန်ကန့်သတ်ချက် (Time Frame) မရှိဘူးဆိုပြီး တစ်လျှောက်လုံးဆန့်ကျင် ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေဟာ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးပြန်တော့လဲ သူတို့ရဲ့ နိုင်ငံရေးဝိသမလောဘကို အတောမသတ်နိုင်ခဲ့ပါဘူး။ အမျိုးသားညီလာခံကြီးကညှိနှိုင်းချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ် အခြေခံရမယ့်မှုတွေဟာ ဘယ်လောက်ပဲ နိုင်ငံတော်နဲ့ ပြည်သူအတွက် ကောင်းကောင်း၊ သူတို့အတွက် မကောင်းဘူးလို့ အတင်းသတ်မှတ်ပြီး နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုရလဒ်ဟူသမျှကို ပယ်ဖျက် ဆန့်ကျင်ချင်နေကြတာပဲ ဖြစ်တယ်။

ဦးစားပေးနေတဲ့ ဒေါ်စုကြည်နဲ့ NLD က အဲဒီ မဲသရောထကြေညာချက်ကို နိုင်ငံရေးအပေးအယူလုပ်နိုင်ဖို့အတွက် ထောက်ခံကြောင်း ကြေညာခဲ့တဲ့အထိ နိုင်ငံရေးသရုပ်ပျက်ခဲ့တယ်။

၁၉၆၂ခုနှစ်မှာ ဖက်ဒရယ်မူဆိုတာကိုတင်ပြီး ပြည်ထောင်စုမှ ခွဲထွက်ဖို့ လုပ်ကြံခဲ့တဲ့ ရှမ်းစော်ဘွားအနွယ် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးတဲ့အဖွဲ့က ၂၀၀၅ခုနှစ် ဧပြီလ၁၇ရက်နေ့မှာ ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည်ယာယီအစိုးရဆိုသည့်အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ်တည်ထောင်ကြောင်း ကြေညာခဲ့သေးတယ်။ အဲဒီကြေညာတဲ့ လုပ်ဆောင်ချက်ဟာ ပြည်ထောင်စုကြီးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အလွန်အန္တရာယ်ကြီးမားတာမို့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသား ပြည်သူတွေက ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြတယ်။ နိုင်ငံတော်အစိုးရက ပြည်ပြေး စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုကို မတရားအသင်း ကြေညာခဲ့ရတယ်။

ဒါတွေဟာ အတိတ်ကို အတိတ်မှာပဲထားရစ်ခဲ့လို့ ရကောင်းတဲ့အကြောင်းခြင်းရာတွေ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားညီလာခံကို အချိန်ကန့်သတ်ချက် (Time Frame) မရှိဘူးဆိုပြီး တစ်လျှောက်လုံး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေဟာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးပြန်တော့လဲ သူတို့ရဲ့ နိုင်ငံရေးဝိသမလောဘကို အတောမသတ်နိုင်ခဲ့ပါဘူး။ အမျိုးသားညီလာခံကြီးက ညှိနှိုင်းချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မှုတွေဟာ ဘယ်လောက်ပဲ နိုင်ငံတော်နဲ့ ပြည်သူအတွက် ကောင်းကောင်း၊ သူတို့အတွက် မကောင်းဘူးလို့ အတင်း သတ်မှတ်ပြီး နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုရလဒ်ဟူသမျှကို ပယ်ဖျက် ဆန့်ကျင်ချင်နေကြတာပဲ ဖြစ်တယ်။

ဒါကြောင့်မို့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ တတိယအဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းရေးဆွဲတာကိုလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်။ အမျိုးသားညီလာခံရဲ့ အောင်မြင်မှုရလဒ်ကို ပယ်ဖျက်ပြီး ခေတ်နောက်ပြန်ဆွဲဖို့ သုံးပွင့်ဆိုင် ဆွေးနွေးရေးဆိုတာကို ဝိုင်းအုံပြီး တောင်းဆိုခဲ့ကြပြန်တယ်။

ဒီလို လူတစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ရဲ့ တောင်းဆိုလိုလားချက်တိုင်းကိုသာ ခွင့်ပြု လိုက်လျောနေရမယ်ဆိုရင် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်ဟာ ဂျာအေးသူ့အမေရိုက်တဲ့ ကိန်းဆိုက်နေဦးမှာ သေချာပါတယ်။

ယခု ဖေဖော်ဝါရီလ၁၉ရက်နေ့မှာ ရေးဆွဲအတည်ပြုပြီးစီးခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းဟာ အနာဂတ်နိုင်ငံတော်အတွက် ကာလဒေသအခြေအနေအရ အကောင်းဆုံး အုတ်မြစ်ပဲဆိုတာ ပြည်သူတစ်ရပ်လုံးက လက်ခံယုံကြည်ထားကြပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံခဲ့တဲ့မူတွေနဲ့ အသေးစိတ် အခြေခံထားတဲ့မူတွေကိုလည်း အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက်လုံးမှာ သတင်းစာမှာရော ရေဒီယို၊ ရုပ်မြင်သံကြားမကျန် စာအုပ်စာစောင်များအထိ ထုတ်ပြန်ထုတ်ဝေ အသိပေးချပြထားပြီးဖြစ်လို့ ပြည်သူလူထုအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် နံ့စပ်သိမြင် လက်ခံနေကြပြီးလည်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ နိုင်ငံတော်နဲ့ပြည်သူလူထုအတွက် အကောင်းဆုံး အခြေခံအုတ်မြစ်ဆိုတာကိုလည်း အားလုံးနားလည် သဘောပေါက်နေကြပါတယ်။ လာမယ့် ၂၀၁၀ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာလည်း နိုင်ငံတော်နဲ့ ပြည်သူလူထုကို အကျိုးပြုမယ့် နိုင်ငံရေးပါတီတွေ ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်ရရှိမယ်ဆိုတာ လက်ခံယုံကြည်ခဲ့ကြပြီး ဖြစ်ပါတယ်။

ဒါပေမယ့် အသိခေါက်ခက်အဝင်နက်ပြီး–

- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို စောင့်ရှောက်ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏နိုင်ငံသားဖြစ်သူ၊
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသောအခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။

အဲဒီလူတွေ လာမယ့်ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲမှာ ဝင်ရောက်ရွေးချယ်ခွင့် ပြုရမယ်လို့ ပြည်တွင်းပြည်ပ အဖျက်သမားတွေက BBC, VOA, RFA, DVB တို့ကတစ်ဆင့် ဘေးတီးတောင်းဆိုထုတ်လွှင့်လာနေတာ ကြားနေကြရပြန်ပါတယ်။ ဘယ်လိုမှ မဖြစ်သင့်၊ လက်မခံသင့်တဲ့ကိစ္စတွေပါ။

ဒါကြောင့်မို့ သည်မိုး သည်လေ သည်လူတွေ သည်လိုပုံနဲ့သာ စခန်းသွားနေကြဦးမယ်ဆိုရင် ရွှေပြည်တော်မျှော်တိုင်းဝေးဆိုတဲ့ ဇာတ်လမ်းလိုပဲ ဇာတ်ပေါင်းခန်း မရောက်မှာ မြင်ယောင်နေမိပါကြောင်း အားလုံးသုံးသပ်တွေးဆနိုင်ကြဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

သုံးခွ တကော ရေထိန်းတံခါး

စိုက်ပျိုးမြေများအတွက် ရေချိုများကို သုံးခွမြို့နယ်ရှိ တကော ရေထိန်း တံခါးက ထိန်းသိမ်းသိုလှောင်ပေးထားသည်။

■ **ကျောဖုံးမှ**

ရန်ကုန်တိုင်း သုံးခွမြို့နယ်အတွင်းရှိ လယ်မြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် ရေပိုမိုရရှိရေးအတွက် ရည်ရွယ်၍ သုံးခွမြို့နယ်အတွင်းရှိ တကောရေထိန်းတံခါးစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)မှ တာဝန်ယူ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် တည်ဆောက်အကောင်အထည် ဖော်ဆောင်ရွက်ပြီးစီးနေသော တကော



“ရေထိန်းတံခါးကြီး အခွန့်ရှည်စွာ တည်တံ့ရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ကြမှာ ဖြစ်ပါတယ်”

ဦးစန်းမြင့်
(တကောကျေးရွာ)

ရေထိန်းတံခါး စီမံကိန်းသို့ သွားရောက်၍ ကွင်းဆင်း လေ့လာခဲ့ရာ တကောရေထိန်းတံခါးစီမံကိန်းကို တာဝန်ယူ တည်ဆောက်ခဲ့သော ဦးစီးအရာရှိ ဦးကျော်ကျော်အောင်က လိုက်လံပြသ ရှင်းလင်းခဲ့သည်။

လျှော့နည်းသက်သာ

ရန်ကုန်တိုင်း သုံးခွနှင့် ခရမ်းမြို့နယ်များ၌ ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီ၌ ချောင်းများအတွင်း ဒီရေတက်ချိန်၌ မှော်ဝန်းချောင်းရေများကုန်းအတွင်းသို့ ဝင်ရောက်ခြင်း မရှိစေရန်နှင့် ချောင်းရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ပိုလျှံရေများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှု လျှော့နည်း သက်သာစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်း၍ မိုးစပါးအောင်ရေများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဆောင်းသီးနှံများအတွက် အစိုဓာတ် ထိန်းသိမ်းပေးနိုင်ရန်တို့အတွက် တကောရေထိန်းတံခါးကိုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နွေရာသီတွင် ဆောင်းသီးနှံနှင့် နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ရေပိုမိုရရှိစေရန်နှင့် တကောချောင်း တစ်လျှောက်နေ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန်၊ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းများအတွင်း ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကို ကာကွယ်နိုင်ရန်တို့အတွက် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်သည်။

သောက်သုံးရေခက်ခဲ

ရေတံခါး တည်ဆောက်ပေးခြင်းဖြင့် သုံးခွမြို့လူထုအတွက် အကျိုးပြုလုပ်ငန်း တွဲဖက်၍ ပါလာကြောင်း၊ သုံးခွမြို့သည် ရေငန်ဝင်ရောက်သောဒေသ ဖြစ်သည့်အလျောက် မြို့တွင်း၌ရှိသော ရေကန်များကိုသာ အားကိုးအားထားပြု၍ သောက်သုံးရကြောင်း၊ တစ်နှစ်ပတ်လုံးရွာသော မိုးရေချိန် မပြည့်မီသောကြောင့် လည်းကောင်း၊ အထွေထွေရေဆုံးရှုံးမှုဖြစ်ပေါ်မှုကြောင့် လည်းကောင်း၊ မိုးမကျမီ မတ်လကုန်

“စိုက်ပျိုးရေးအတွက်သာမက သောက်သုံးရေပါ ရလာမှာမို့ ဝမ်းသာပါတယ်”

ဦးမြမောင်
(လက်ပန်ကျေးရွာ)

ဧပြီလအလယ်လောက်တွင် ၁၅ရက်၊ ရက်၂၀ခန့် သုံးခွမြို့တွင် သောက်သုံးရေအခက်အခဲကို နှစ်စဉ် ကြုံတွေ့ရကြောင်း။

တည်ဆောက်ထား

တကောရေထိန်းတံခါးမှာ သုံးခွမြို့နှင့် လေးမိုင်ခန့်အကွာတွင် ရှိသောကြောင့် ရေချို အမြဲထိန်းသိမ်းထားသောနေရာနှင့်အနီးဆုံးဖြစ်၍ တကောရေထိန်းတံခါးမှ သိုလှောင်ထားသောရေချိုကို သုံးခွမြို့ရှိ ရေပေးသည့်ရေကန်သို့ ရေသွယ်မြောင်းဖောက်၍ ရေကန်ကြီးထဲသို့ သွင်းခြင်းဖြင့် သုံးခွမြို့ကို ရေပေးနိုင်ရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်လျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော်ရန် ဆောင်ရွက်နေကြောင်း၊ ဆည်မြောင်းဌာနမှလည်း ရေပေးနိုင်ရန် ခွင့်ပြုထားကြောင်း၊ သုံးခွမြို့တွင် လူဦးရေ တစ်သိန်းကျော်နေထိုင်ရာ လူဦးရေတစ်သိန်းကျော်၏ သောက်သုံးရေအခက်အခဲကို ဖြေရှင်းပေးသွားနိုင်မည်ဖြစ်ကြောင်း၊ တကောရေထိန်းတံခါးသည် တကောချောင်းပေါ်တွင် တည်ရှိပြီး ၃၉စတုရန်းမိုင်မှရေဆင်းပြီး ရေတံခါးမှာ ကွန်ကရစ်ရေထိန်းတံခါးဖြစ်ကြောင်း၊ ရေတံခါး၏ အရွယ်အစားမှာ အမြင့် ၁၆ပေ၊ အနံ ခြောက်ပေရှိသော တံခါးပေါက် ၂၀ ပေါက်ဖြင့် တည်ဆောက်ထားကြောင်း။

ပိုမိုအကျိုးဖြစ်ထွန်း

တကောရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် ရေကြီး၊ ရေလွှမ်းကွင်းများအတွင်းရှိ စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် နွေရာသီတွင် အခြားစိုက်ပျိုးသီးနှံများအတွက် ရေချိုလှောင်နိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုအကျိုးဖြစ်ထွန်းတော့မည်ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးပြုမည့် စီမံကိန်းတစ်ရပ် ဖြစ်ကြောင်းဖြင့် ဦးစီးအရာရှိ ဦးကျော်ကျော်အောင်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောပြသည်။

“သုံးသီးစိုက်နိုင်လို့ ဝင်ငွေ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်”

ဦးအောင်ကျော်
(တကောကျေးရွာ)

တကောရေထိန်းတံခါးမှာ မြို့နှင့်နီးစပ်သော ရေထိန်းတံခါးဖြစ်သည့်အလျောက် သုံးခွမြို့မှ မြို့သူမြို့သားများ လာရောက် ကြည့်ရှုလေ့လာကြခြင်းဖြင့် စည်ကားလျက် ရှိသည်။ တကော ရေထိန်းတံခါးက ရေလွှတ်ပေးမည့် ရေမြောင်းများမှ ကျေးရွာသူကျေးရွာသားများလည်း စတင်လွှတ်ပေးနေသော ရေချိုကို သုံးစွဲနေကြရသဖြင့် ဝမ်းသာ ပျော်ရွှင်နေကြသည်။

သွားလာရေးလွယ်ကူ

မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်စဉ် ရေထိန်းတံခါးကို လာရောက် လေ့လာကြသော ကျေးရွာသူကျေးရွာသားများအား တွေ့ရသဖြင့် တကောကျေးရွာမှ ဦးအောင်ကျော်အား တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးအောင်ကျော်က “စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း၊ လယ်ယာစိုက် ခုနစ်ဧက စိုက်ပျိုးကြောင်း၊ စပါးနှင့်ပဲ စိုက်ပျိုးကြောင်း၊ ရေထိန်းတံခါးကြီးကြောင့် ပင်လယ်ဆားငန် ရေဝင်ခြင်းမှ အကာအကွယ်ရကြောင်း၊ ယခင်က ဆားငန်ရေကြောင့် အောင်မြင်ဖြစ်ထွန်းမှု နည်းကြောင်း၊ ရေထိန်းတံခါး ဖွင့်ပြီးလျှင် မိုးစပါး၊ နွေစပါး၊ ပဲ သုံးသီးစိုက်မည်ဖြစ်ကြောင်း၊ သုံးသီးစိုက်နိုင်သောကြောင့် ဝင်ငွေ ပိုမိုရရှိပြီး ချောင်လည်မည်လို့ ယုံကြည်ကြောင်း၊ ရေထိန်းတံခါးမရှိစဉ်က သွားလာရေး ခက်ခဲမှုရှိကြောင်း၊ ရေထိန်းတံခါးဆောက်ရန် လမ်းများ ဖောက်လိုက်ကြသဖြင့် သွားလာရေးလွယ်ကူခဲ့ကြောင်း၊ ရေထိန်းတံခါးကြီး ရှိလာသဖြင့် သွားလာရေး၊ ရောင်းဝယ်ရေးမှအစ ကောင်းမွန်လာမည် ဖြစ်တာကြောင့် နိုင်ငံတော်ကို ကျေးဇူးအများကြီး တင်ပါကြောင်း” ဖြင့် ပြောကြားသည်။

ဆက်လက်၍ တကောကျေးရွာမှ ရေထိန်းတံခါးကြီး လာရောက်ကြည့်သူ တကောရွာသားတစ်ဦးဖြစ်သော ဦးစန်းမြင့်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဦးစန်းမြင့်က “တကောရွာမှာ တကောချောင်းကြီးက ခြားနားထား၍ တောင်ရွာနှင့် မြောက်ရွာ ကွဲနေကြောင်း၊ ယခု ရေထိန်းတံခါး

“ကလေးများ ပညာသင်ကြားရေးအတွက် စိတ်ချမ်းသာရပါတယ်”

ဒေါ်သူဇာဝင်း
အလယ်တန်းပြဆရာမ
(လက်ပန်ကျေးရွာ)

ကြီး တည်ဆောက်ခြင်းကြောင့် ယခင်က တကောမှ သုံးခွမြို့သွားရန် ချောင်းခြားနေသဖြင့် တိုက်ရိုက်မရောက်နိုင်ခဲ့ရာ ယခုအခါတွင် တံတားကြီး တည်ဆောက်ထားသဖြင့် သွားလာရေးလွယ်ကူကြောင်း။

ဝိုင်းဝန်းကူညီ

ကုန်သွယ်ရေး လုပ်ငန်းများသည် မြို့နှင့်တော တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း၊ ရေအခက်အခဲကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အခက်အခဲတွေ့နေရာ ရေလှောင်တမံ တည်ဆောက်၍ ရေချိုများ ရရှိမည်ဖြစ်သောကြောင့် စိုက်ပျိုးရေရော သောက်သုံးရေပါ အခက်အခဲ ရှိတော့မည်မဟုတ်ကြောင်း၊ မိမိတို့ကျေးရွာသူကျေးရွာသားများအနေဖြင့်ရေထိန်းတံခါးကြီးဆောက်ရန် လုပ်ကြစဉ် အချိန်ကစပြီး ရေရှည်အကျိုးဖြစ်မည်ဆိုတာကို သိ၍ လိုအပ်သော အကူအညီများ ဝိုင်းဝန်းပေးကြပါကြောင်း၊ ရေထိန်းတံခါးကြီး အခွန့်ရှည်စွာ တည်တံ့ရေးအတွက်ကိုလည်း ဝိုင်းဝန်း ကူညီစောင့်ရှောက်ကြမည်ဖြစ်ကြောင်း၊ ရေထိန်းတံခါးကြီးကို လာရောက်တည်ဆောက်ပေးသော အရာထမ်းအမှုထမ်းများနှင့် နိုင်ငံတော်အစိုးရကို များစွာကျေးဇူးတင်ကြပါကြောင်း” ဖြင့် ပြောကြားခဲ့သည်။

“မိုးနှောင်းကာလမှာ ရေချိုများ သိုလှောင်ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်”

ဦးကျော်ကျော်အောင်
ဦးစီးအရာရှိ
(တည်ဆောက်ရေး-၆)

အားလုံးစိတ်ချမ်းသာ

၎င်းနောက် တကောရေထိန်းတံခါးသို့ လာကြည့်သော လက်ပန်ရွာမှ တောင်သူ ဦးမြမောင်အား တွေ့ဆုံ မေးမြန်းခဲ့ရာ ဦးမြမောင်က “လယ် ၁၁ ဧက၊ ငါးကန် လေးဧကရှိကြောင်း၊ စပါး ၁၁ဧက၊ ပဲ ၁၁ဧက စိုက်ပျိုးကြောင်း၊ ရေထိန်းတံခါးဆောက်လိုက်သဖြင့် ယခင်က စပါးနှင့် ပဲ နှစ်သီးသာ စားနေရာမှ သုံးသီးစားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေအတွက်သာမက၊ သောက်သုံးရေလည်းလွယ်ကူစွာရတော့မည်ဖြစ်ကြောင်း၊ အိမ်နောက်ဘက်တွင် ရေမြောင်းဖြင့် လွှတ်ပေးသော ရေကိုခပ်သုံးနိုင်ကြောင်း၊ ယခင်က ရေတစ်ထမ်း ကျပ်တစ်ထောင်ပေးသုံးနေကြသဖြင့် ရေဖိုး သက်သာပြီဖြစ်ကြောင်း၊ ရေထိန်းတံခါးကြီးလုပ် ပေးသည့်အတွက် စိုက်ပျိုးစားသူရော၊ ရောင်းစားသူရော များစွာအကျိုးရှိလာပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးမှာ ရေသည် အဓိကဖြစ်တာကြောင့် ရေတွေ မြင်နေရတာပင် များစွာစိတ်ချမ်းသာကြောင်း၊ အရင်တုန်းက ရေကို ရေကန်မှသွားခပ်ရတာကြောင့် ရေထမ်းခပေး၍ ရေသုံးနေရသူတို့ ရွာထဲက ဖြတ်ဖောက်ထားတဲ့ ရေမြောင်းထဲက ရေကို ခပ်သုံးနိုင်တာကြောင့် စိုက်မလား၊ သုံးမလား အလွယ်တကူ ရေရရှိတာကြောင့် အားလုံးစိတ်ချမ်းသာလျက်ရှိကြောင်း” ဟု ပြောကြားသည်။

စိတ်ချမ်းသာ

ဆက်လက်၍ လက်ပန်ရွာမှ အလယ်တန်းပြဆရာမ ဒေါ်သူဇာဝင်းအား တွေ့ဆုံရာတွင် “ရေထိန်းတံခါးကြီး တည်ဆောက်လိုက်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး လွန်စွာကောင်းလာကြောင်း၊ ကလေးများ သွားလာရာတွင် ကားများစီး၍သွားလာနိုင်ခြင်းကြောင့် ပညာသင်ကြားရေးအတွက် စိတ်ချမ်းသာကြရကြောင်း၊ မိမိတို့ကျေးရွာသူရွာသားများမှာ အများအားဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရကြောင်း၊ စိုက်ပျိုးရေးအတွက် ရေသည် အရေးကြီးသည့်အလျောက် ရေအခက်အခဲ မရှိသောရေထိန်းတံခါးကြီး ဆောက်လိုက်သည့်အတွက်အားလုံးဝမ်းသာလျက်ရှိကြောင်း၊ စိုက်ပျိုးရေသာမက သောက်သုံးရေပါ စိတ်ပူစရာမလိုတော့ကြောင်း၊ သွားလာရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးမှ အစစ အဆင်ပြေသော ရေထိန်းတံခါးကြီး တည်ဆောက်ပေးသည့်အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း” ဖြင့်ပြောကြားခဲ့ပါသည်။ ။

(မြန်မာ့အလင်း)

တကောရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် ရေကြီး ရေလွှမ်းကွင်းများအတွင်းရှိ စိုက်ပျိုး သီးနှံများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် နွေရာသီတွင် အခြားစိုက်ပျိုး သီးနှံများ အတွက် ရေချိုလှောင်နိုင်မည်။

28-2 (10) 1 2/28/08, 1:08 AM

မိုးကုတ်ဆွမ်းစားကျောင်း အမိုးအသစ်လဲရန် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မိုးကုတ်အသင်း(ရန်ကုန်မြို့)၏ (၁၈)ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် မိုးကုတ်ဆွမ်းစားကျောင်းအမိုးအား လဲလှယ်ရန် အလှူငွေ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်(ကြာသပတေးနေ့) တပို့တွဲလပြည့်နေ့ နံနက်က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ကမ္ဘာအေးကုန်းမြေ) မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

မိုးကုတ်ဆွမ်းစားကျောင်း အမိုးများ ဟောင်းနွမ်းပျက်စီးယိုယွင်းနေပါသဖြင့် အသစ်လဲလှယ်ပြုပြင်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဥက္ကဋ္ဌ ဦးခင်မောင် ဖုန်း- ၀၁-၅၀၃၈၃၉၊ ဒုတိယဥက္ကဋ္ဌ ဦးဗိုလ်သောင်း ဖုန်း- ၀၁-၅၄၁၂၂၆၊ ဦးသိန်းအောင် ဖုန်း-၀၁-၅၂၆၆၅၅၊ ဦးကြည်မင်း ဖုန်း-၀၁-၅၂၆၂၇၆၊ ဦးအုန်းကို ဖုန်း-၀၉-၅၀-၀၃၉၉၀နှင့် ဦးသန်းဝင်း ဖုန်း-၀၉-၉၀-၃၁၃၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရမ်းဗြဲမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့်ဆရာတော်ကြီးများ ပူဇော်ပွဲ၊ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၁၃ရက် နံနက်၉နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

အစီအစဉ်အရ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တခေမိန္ဒ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဓမ္မောဒယ၊ ဘဒ္ဒန္တကုမာရနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်ဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့် ဒေါ်ကြည်ကြည်ဆွေတို့အား အသင်းနာယက ဦးမင်းကြည်နှင့်ဇနီး ဒေါ်မြင့်မြင့်တို့က ဂုဏ်ပြုလွှာများ ဆက်ကပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ အသင်းဝင်မိသားစုများက ပညာရည်ချွန်ဆုရရှိသူများ၊ ဆွမ်းအလှူရှင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသင်္ဂီမိသားစုအား အသင်းဥက္ကဋ္ဌ ဦးချမ်းမောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အမှုဆောင်အသစ် ရွေးချယ်၍ ဥက္ကဋ္ဌသစ် ဦးချမ်းမောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးကုသဆောင်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး)ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းတွင် သွား၊ ကလေး၊ မျက်စိအလင်းဒါန၊ အပ်စိုက်၊ အကြောနှင့် ပြန်လည်သန်စွမ်းရေး အထူးကုနှင့် အထွေထွေဝေဒနာရှင်များအား နေ့စဉ်ပိတ်ရက်မရှိ ကုသပေးလျက်ရှိရာ များပြားသော ဝေဒနာရှင်တို့၏ လိုအပ်ချက်ကို ဖြည့်ဆည်း ကုသပေးနိုင်ရန်အတွက် ဆေးကုဆောင် အမှတ်(၂) သုံးထပ်ဆောင် ဆောက်လုပ်မည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း- ၅၄၁၄၉၃၊ ၀၉-၅၁-၀၂၁၉၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရားဝင်အသိအမှတ်ပြုသည့် အခမ်းအနားကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအား အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က တရားဝင်အသိအမှတ်ပြုသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါဌာန ဥပစာရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor. Adik Wibowoနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchangက အမှာစကားပြောကြားသည်။

အသိအမှတ်ပြုလက်မှတ်ပေးအပ်

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနကို အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုသည့် လက်မှတ်နှင့် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ၂၀၀၈ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်မည့် နည်းဗျူဟာ လုပ်ငန်းစဉ်တို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchangက ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ ပေးအပ်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမျိုးသားတုပ်ကွေးရောဂါဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယ ဝန်ကြီးဒေါက်တာမြဦးနှင့်အဖွဲ့ဝင်များသည် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ အမျိုးသားတုပ်ကွေးရောဂါ ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာ-ရုရှားသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်

ချစ်ကြည်ရင်းနှီးမှု ဂီတဖျော်ဖြေပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာ-ရုရှား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရင်းနှီးမှု ဂီတဖျော်ဖြေပွဲတစ်ရပ်ကို ဖေဖော်ဝါရီ၂၄ရက် ညနေ၅နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

ဂီတဖျော်ဖြေပွဲမစတင်မီ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရုရှား ဂီတပညာရှင် Mr.Juri Stupak ဦးဆောင်သော နာမည်ကျော် ရုရှားကျေးလက်ရိုးရာ ဂီတပညာရှင် သုံးဦးတို့က ဧည့်သည်တော်များအား တေးဂီတများဖြင့် ဖျော်ဖြေကြပြီး နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ထမ်းများကလည်း မြန်မာတေးသီချင်းများ၊ အကများဖြင့် ပြန်လည်သီဆိုဖျော်ဖြေကြသည်။

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြားတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေရေးကို ဦးတည်လျက် နှစ်နိုင်ငံ သံတမန် အဆက်အသွယ် ထူထောင်မှုနှစ် (၆၀)ပြည့်အခမ်းအနားများကို ယခုလအတွင်း မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့၌ ကျင်းပခဲ့ကြသည်။

သဝဏ်လွှာအပြန်အလှန်ပေးပို့

မြန်မာ-ရုရှား သံတမန်အဆက်အသွယ် ထူထောင်မှုနှစ်(၆၀)ပြည့်မြောက်သည့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် နှစ်နိုင်ငံနိုင်ငံ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးများ အချင်းချင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြသည်။

အဆိုပါ အထိမ်းအမှတ်ဧည့်ခံပွဲကို ရန်ကုန်မြို့ရှိ ရုရှားဖက်ဒရေးရှင်းသံရုံး၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျင်းပခဲ့သည်။ အလားတူ မော်စကိုမြို့ရှိ မြန်မာသံရုံးကလည်း ဖေဖော်ဝါရီ၂၂ရက်တွင် မော်စကိုမြို့ရှိ လီနင်စာကြည့်တိုက်ခန်းမ၌ ဧည့်ခံပွဲတစ်ရပ် ကျင်းပခဲ့ပြီး တက်ရောက်လာကြသော ဧည့်သည်တော်များအား မြန်မာ့ရိုးရာအကနှင့် ရုရှားရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

(သတင်းစဉ်)

ပုသိမ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊ သက်ကြီး ဆရာကြီးဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၄ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီရှိ ရောဝတီတိုင်းဓမ္မာရုံတွင်ကျင်းပသည်။ အခမ်းအနားတွင် သက်ကြီးဘိုးဘွား ၁၂၂ဦးကို ကန်တော့ခြင်း၊ သက်ကြီး ဆရာကြီးဆရာမကြီး ၁၆ဦးတို့အား အာစရိယပူဇော်ခြင်း၊ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူ၁၇ဦးအား ဆုချီးမြှင့်ခြင်း **(ဝဲပုံ)**နှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးမှ ဥက္ကဋ္ဌအဖြစ် ဦးစိုးဟန်လင်း (သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဦးဆောင်သော အမှုဆောင်၄၉ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး ပုသိမ်အသင်း (ရန်ကုန်)အတွက် အလှူရှင်များက စုစုပေါင်းအလှူငွေ ကျပ်၂၇၀၀၀၀၀ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

စေတီယင်္ဂဏ စာလျှောက်မေးပွဲအောင် သာသနာ့အာဇာနည်များ ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အကြိမ်(၉၀)မြောက် စေတီယင်္ဂဏ စာလျှောက်မေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်သံုးပါးတို့အား ဘွဲ့တံဆိပ်နှင့်အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၂၄ရက် နံနက် ၈ နာရီ ၄၅မိနစ်က ရွှေတိဂုံစေတီတော် ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ဂုဏပူဇာ မင်္ဂလာစာတမ်းကို ဖတ်ကြား လျှောက်ထားသည်။

ငါးပါးသီလခံယူ

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယနှင့် စေတီယင်္ဂဏ ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာချတန်းအောင် အရှင်ဣန္ဒက လင်္ကာရာဘိဝံသ၊ စာသင်တန်းအောင် အရှင်အရိယဝံသ လင်္ကာရနှင့် အရှင် ဓမ္မာနန္ဒ လင်္ကာရတို့၏ အတ္ထုပ္ပတ္တိ အကျဉ်းကို ဖတ်ကြားလျှောက်ထားပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်ဝင်းအောင်နှင့် ဦးမြသိန်းတို့က စာအောင်သံဃာတော်သံုးပါးတို့အားဘွဲ့တံဆိပ်နှင့်အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ စာအောင် သံဃာတော်သံုးပါးတို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသမိုင်းဝင် မဟာမကုဋရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီး**(ယာပုံ)**၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ရက်မှ တပေါင်းလပြည့်နေ့အထိ) မတ် ၇ ရက်မှ ၂၁ ရက်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ ဆံတော်ရှင်မြတ်မော်တင်စွန်း ဘုရားပွဲတော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူး ပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၄၂-၂၅၂၇၇၊ ၂၄၂၄၂၊ ၂၁၁၄၅၊ ၂၅၁၇၇နှင့် ၂၄၉၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက္ကလှဲ့စေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလှဲ့စေတီတော် ဂေါပကအဖွဲ့က လုံးတော်ပြည့်ရွှေသင်္ကန်းများ ကပ်လှူလျက်ရှိရာ ဦးအောင်နိုင်-ဒေါ်တင်ကြည် (ကြံတိုင်းအောင်)မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးတင်မြင့်သိန်း- ဒေါ်မြင့်မြင့်စိုးက ငွေကျပ် သုံးသောင်း၊ ဒေါ်မြနွယ်နှင့် တပည့်များကငွေကျပ်ခြောက်သောင်း၊ မိခင်ကြီးအား ရည်စူး၍ ဦးခင်စိုးက ငွေကျပ်သုံးသောင်း၊ မိခင်ကြီးအားရည်စူး၍ မမြင့်မြင့်အောင်က ငွေကျပ်ငါးသောင်း၊ ဦးစိုးမြင့်-ဒေါ်သင်းသင်းနိုင် (လက်ဖက်ဆိုင်)နှင့် ဦးတင်ညွန့်-ဒေါ်မြစိန်တို့က ငွေကျပ် တစ်သောင်းငါးထောင်စီလှူဒါန်းကြရာ ဂေါပကဥက္ကဋ္ဌ ဦးအောင်နိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ လှူဒါန်းလိုလျှင်ဖုန်း- ၆၃၆၂၆၁(သမုတိဆရာတော်)၊ ဖုန်း-၆၃၆၃၁၀ ဂေါပကဥက္ကဋ္ဌ၊ ဖုန်း-၆၃၆၀၂၀ (ဂေါပက) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး)တွင် ၉၃/၇ D သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဗုဒ္ဓဟူးသမီးလေး လှိုင်မေမြင့်၏ မွေးနေ့အလှူအဖြစ် ဖေဖေ ကပ္ပတိန် ဦးထွန်းဝင်း-မေမေ ဒေါ်ခင်စန်းရီတို့က ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၃ရက်က ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့သုံး အမှတ် (၃) တာဘိုင်စက်၏ Turbine Rotor အသစ် လဲလှယ်တပ်ဆင်ခြင်းနှင့် စက်ကြံ့ခိုင်မှုရှိရေးအတွက် ကျွမ်းကျင်လုပ်သားများဖြင့် တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးသန်းနိုင်ဦးတို့က စက်ရုံတွင် သဘာဝဓာတ်ငွေ့သုံး တာဘိုင်စက် အမှတ် (၃)အား အကြီးစားပြုပြင်ခြင်းနှင့် Turbine Rotor အသစ်အစားထိုး တပ်ဆင်ခြင်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

အန္တရာယ်ကင်းစွာ ဆောင်ရွက်

ယင်းနောက်ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်တပ်ဆင် အသုံးပြုမည့် Cummins အမျိုးအစား 1000 KVA ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဖေဖော်ဝါရီ ၁၉ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန် အမှတ်(၁)အတွင်းရှိ စက်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက် လျက် ရှိ ရာ တိုင်းမီးသတ် ဦးစီးဌာနမှူး ရဲကျော်စွာ ဦးအောင်ကျော်မြင့် နှင့် တာဝန်ရှိသူများ၊ အေးရှားဝေါ စက္ကူစက်ရုံအတွင်း မီးဘေးအန္တရာယ်ကင်းဝေးရေး ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မိခင်ကြီး ဒေါ်လုလုအား ရည်စူး၍ အမှတ်(၁၇) ဗိုလ်တထောင်လမ်းသွယ် (၁) လမ်း ဗိုလ်တထောင်မြို့နယ်နေ ဒေါ်မူမူက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာတော်နှင့်သီလရှင်များအတွက် ဆွမ်းတစ်နေ့တာ အလှူအဖြစ် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မုံးပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဇဘဏ်(မူဆယ်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့က ကမ္ဘောဇဘဏ်(မူဆယ်ဘဏ်ခွဲ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြိုးစားလုပ်ကိုင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မူဆယ်မြို့နယ် ရွှေလီရိပ်သာ၌ မူဆယ်ခရိုင်နှင့် မူဆယ်နှင့် နမ့်ခမ်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာရှိ ငြိမ်းအေးမြေခန်းမ၌ ကျင်းပသည့် မုံးပေါ်တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က မအေးချမ်းမီကာလနှင့် ငြိမ်းချမ်းရေးရရှိပြီးနောက်ပိုင်း စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မုံးပေါ်ဒေသ တိုင်းရင်းသားအဖွဲ့က ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ မွေးဖွားခန်းသုံးကိရိယာများ၊ အစာအိမ်နှင့် အူလမ်းကြောင်း ခွဲစိတ်ကိရိယာ၊ အောက်စီဂျင်နှင့် ချုံစုပ်စက်များနှင့် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။

စစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံးပေါ်ကျေးရွာရှိ ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ မိုင်းဖန် ကျေးရွာရှိ တောင်သူ ဦးဘရန်ရှောင်၏ လယ်ဝဒသမဂ ဧက၌ ကန်ယူ ၈၂၇ စပါးမျိုးစိုက်ပျိုးထားမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် (၁၆)ခုတင်ဆံ့ မုံးပေါ်တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးပေါ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆရာ ဆရာမများအား ဝတ်စုံများနှင့်ကျောင်းအတွက် ကွန်ပျူတာနှစ်စုံကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မုံးပေါ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးဇူးရှင် ဖခင် ဦးထွန်း (၇)နှစ် ပြည့်အား ရည်စူး၍ မိခင် ဒေါ် စိန် ကြည် အမှူးထား ပြီး ရန်ကုန် တိုင်း မြောက်ဥက္ကလာပ မြို့နယ် (ဈ)ရပ်ကွက် ဥဇ္ဇာနာ ၅ လမ်း အမှတ်၂၀၁ နေ သား သမီးများ ဖြစ်ကြသော ဦးခင်စိန် – ဒေါ်ခင်မေဝင်း၊ မြေး မောင်ကိုကိုလတ်၊ မဝေဝေသင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်းအတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇေယျဝတီ သီတဂူ ရေအလှူတော်ဓမ္မပူဇာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် ဇေယျဝတီစာသင်တိုက်တွင် သီတဂူရေအလှူတော် အထူးတရားပွဲကို မတ် ၃ ရက်တွင် ဒေါက်တာ အရှင်ကိတ္တိဗလ–သီတဂူပါမောက္ခ၊ မတ် ၄ ရက်တွင် ဒေါက်တာ အရှင်ဝေဠုရိယဉာဏာလင်္ကာရ–လက်ထောက်ပါမောက္ခမော်ကွန်းထိန်း၊ မတ် ၅ ရက်တွင် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ–ပါမောက္ခချုပ်၊ မတ် ၆ ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)၊မတ် ၇ ရက်တွင် ဒေါက်တာအရှင်ကုန္ဒက လက်ထောက်ကထိကဆရာတော် အရှင်သူမြတ်ငါးပါးတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၂၈–၂–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၂၀ ၆။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၂၆)
၆:၃၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း–၂၄)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ကုန်သွယ်သုတ
၁၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ FA Cup ဘောလုံးပွဲ Middlesbrough Vs Sheffield United (Delay)

နွေရာသီစားပွဲတင်တင်းနစ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် နွေရာသီစားပွဲတင်တင်းနစ်သင်တန်းကို ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ မတ် ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလတစ်လ၊ သင်တန်းကြေး(အခမဲ့)၊ သင်တန်းချိန် နေ့စဉ်နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိ ဖြစ်ကြောင်းနှင့် မတ် ၂ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၈၇၉၆၄၊ ဥက္ကဋ္ဌ ဦးကျော်ကျော် ဖုန်း ၀၉–၅၀၁၁၇၁၁၊ ဗိုလ်ကြီးဝင်းနိုင် (ငြိမ်း) အတွင်းရေးမှူး ဖုန်း–၀၉–၅၁၁၇၆၆၀၊ ဦးမိုးဦးထွန်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း ၀၉–၅၁၃၆၇၈၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိ+နိ ဆွမ်းဆန်တော် ရေစက်ချဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တိပိဋက နိကာယဝင် တိ+နိ သာသနာပြု နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးတေဇောဘာသ(မအူပင်)၊ ဦးကောသလ္လ (ပုပ္ပား)၊ ဦးကေသဝ (မင်းကွန်း)၊ ဦးကုဏ္ဍလ(မကွေး) အရှင်မြတ်တို့သည် ၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်မှ ၁၄ ရက်အထိ ခုနစ်ရက်တိုင်တိုင် ပဲခူးတိုင်း ကဝမြို့နယ် ထိတန်၊ ကံအောင်၊ အောင်မြေ၊ ဝါးတော၊ ပေါက္ကံ၊ သရက်ကုန်း၊ ကဒါတ်စိန်၊ ကံအေး၊ သပြေကန်၊ ကံကြီး၊ အောင်နိုင်ကြီး၊ အေးမွန်၊ အောင်သာ၊ ဈေးဖလုံ၊ မဂ္ဂဘင်း၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ စခမ်းကြီး၊ ကံသာ၊ ကံဘဲ့၊ ကြာထုံးကျေးရွာတို့၌ ညစဉ် ၇နာရီမှ စတင်၍ တိ+နိဆွမ်းဆန်တော် ရေစက်ချ တရားပွဲများ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၂၈–၂–၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာအေး
၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၆:၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၁၇:၁၅ ၅။ ချစ်စရာ့အရွယ်ကကြီးသွယ်
၁၇:၂၅ ၆။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၅ ၇။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၄၅ ၁၁။ **မီးမီးရဲ့ ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် [ဒါရိုက်တာ–အောင်မိုး(ပဲရစ်)]
၁၈:၅၅ ၁၂။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း–၁၁)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း–၄)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ရက် ညနေ ၃နာရီခွဲက ပဲခူးတိုင်း ဇရပ်ကြီးမြို့နယ် အင်ကြင်းသာရပ်ကွက်နေ အဖ ဦးတုတ်ကြီး၏သား ဦးစံဝင်း (အသက်၅၀)သည် ဝါးခုတ်ရန် တောတွင်းသို့သွားရောက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဦးစံဝင်း၏ ဘယ်ဘက်ခြေထောက်ခြေချင်းဝတ်မှပြတ်ကာ ညာဘက်ပေါင် မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

မိုင်းထိဒဏ်ရာရရှိသည့် ဦးစံဝင်းအား တာဝန်ရှိသူများက ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုပေးရန် သယ်ဆောင်လာစဉ် ည ၆ နာရီခွဲတွင် နေအိမ်သို့အရောက် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ မင်းရဲကျော်စွာလမ်း ကျောက်ထပ်ကတ္တရာခင်း

တောင်ကြီး ဖေဖော်ဝါရီ ၂၂

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော မြို့ပြလုပ်ငန်းမှ(ကျောင်းကြီးစုရပ်-မြို့မရပ်) မင်းရဲကျော်စွာလမ်း ကျောက်ထပ်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၅ရက် နံနက်စနာရီက မင်းရဲကျော်စွာလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် စစ်ဘက်၊နယ်ဘက်မှအရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ တက်ရောက်သည်။

အခမ်းအနားတွင် လမ်းဖွင့်ပွဲကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက လမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)**

(တိုင်းစည်ပင်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၅ရက်က ကျင်းပသော ပခုက္ကူမြို့ အမှတ်(၁) ဈေးဖွင့်ပွဲ အခမ်းအနားကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။(မြို့နယ်စည်ပင်)

ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်း မြိတ်မြို့၌ ဖွင့်လှစ်

မြိတ် ဖေဖော်ဝါရီ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကြက်မွေးမြူ ထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီခွဲက မြိတ်မြို့ တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်လေးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပို့ချ

ထို့နောက် ကြက်မွေးမြူထုတ်လုပ်ရေးနည်းစနစ်များနှင့် ဇီဝလုံခြုံရေးဆိုင်ရာ အချက်အလက်များကို မြိတ်မြို့နယ် ဦးစီးအရာရှိ ဦးခင်မောင်လေး၊ ဒုတိယ ဦးစီးမှူး ဒေါက်တာသန့်ဇင်လင်း၊ ကျွန်းစုမြို့နယ် ဦးစီးအရာရှိ ဒေါက်တာ နေစန်းဝင်းနှင့် တနင်္သာရီမြို့နယ် ဒုတိယဦးစီးမှူး ဒေါက်တာ တင့်ရွှေတို့က ဆွေးနွေးပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

ရေနံချောင်း၌ သန့်ရှင်းရေး ဆောင်ရွက်

ရေနံချောင်း ဖေဖော်ဝါရီ ၁၀

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင်သား၊ ငါးရောင်းချသည့် နေရာများ၌ ယင်လုံဆန်ခါများ ဖုံးအုပ်ရောင်းချမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်ထားမှုကို ဇန်နဝါရီ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး ကြပ်မတ်၍ အဖွဲ့ရုံးဝန်ထမ်းများနှင့် ဈေးမိဈေးဖအဖွဲ့တို့ ပူးပေါင်းစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြော

ညောင်ဦး ဖေဖော်ဝါရီ ၂၄

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲများကို ဇန်နဝါရီ ၁၁ရက်က ညောင်ဦးမြို့ တောင်ဇင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ လည်းကောင်း၊ ဇန်နဝါရီ၁၄ရက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ လည်းကောင်း၊ ဇန်နဝါရီ ၁၅ရက်က ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌လည်းကောင်း၊ ဇန်နဝါရီ ၁၆ရက်က ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း ပဒေသာခန်းမ၌ လည်းကောင်း ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာန တာဝန်ခံ ဒေါ်တင်မြလွင်က လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးခြင်း အန္တရာယ် အကြောင်းသိကောင်းစရာများကို စည်းရုံးရေးမှူး ဒေါ်ပိုပိုဝင်းက လည်းကောင်း၊ ခုခံအား ကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါကာကွယ်တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ နွယ်ရီက ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ မဟာမြိုင်လမ်း ကိုယ့်အားကိုယ်ကိုး ထပ်ပိုးကတ္တရာခင်းခြင်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၀ရက်က တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တည်ဆောက်ရေး စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့သို့ ငွေလှူဒါန်း

ဖျာပုံ ဖေဖော်ဝါရီ ၂၂

အမျိုးသားစာဆို ဆရာဇော်ဂျီ၏ မွေးနေ့နှစ်တစ်ရာပြည့်(၁၉၀၇-၂၀၀၇)အထိမ်းအမှတ်အဖြစ် ဖျာပုံမြို့တွင် တည်ဆောက်ခဲ့သော ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် အပြီးသတ်နိုင်ရေးအတွက် ရန်ကုန်မြို့ပြည်လမ်းနေ မနန်းလိုင်းခမ်း၊ မနန်းခမ်းနောင့်၊ မနန်းမိုဟွမ်တို့က အလှူငွေကျပ် သိန်း၂၀ကိုလည်းကောင်း၊ ရန်ကုန်မြို့နေ ဦးမြင့်သင်း-ဒေါ်ခင်ခင်ဝင်း တို့က အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက် ထာဝရငွေပဒေသာပင်အတွက် ဒေါ်အေးကြည်(ဖျာပုံ)အား ရည်စူး၍ တူဖြစ်သူ ရန်ကုန်မြို့နေ ဦးစိုးနိုင်အောင်(မြို့ပြအင်ဂျင်နီယာ)ကအလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဖေဖော်ဝါရီ၁၈ရက်က စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

အဆိုပါ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် အဆောက်အအုံသည် ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရန် အတွင်းပိုင်း ပရိဘောဂများနှင့်စာအုပ်၊ စာနယ်ဇင်းများစုဆောင်းခြင်း၊ ထာဝရငွေပဒေသာပင်စိုက်ထူရေးအတွက် အလှူငွေရှာဖွေခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိရာ လှူဒါန်းလိုသူများသည် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၈)

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးတွင် ဆောင်ရွက်သော မြို့သစ်-မကြီးချို ကျေးလက်မြေသားလမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်မှုအား အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးပေါ်ကြွယ် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ်၌ စကားလွန်ကုန်းတံတားဆောက်

ဘိုကလေး ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့သည် ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စကားလွန်ကုန်းတံတား ဆောက်လုပ်နေမှုကို ဇန်နဝါရီ ၁၅ရက်က ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်မျိုးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

ဆောင်ရွက်မည်

အဆိုပါ စကားလွန်ကုန်း တံတားသည် အကျယ် ပေ၅၀၊ အနံ ၁၂ပေရှိ ကွန်ကရစ်တိုင်၊ သစ်သားခင်း၍ တည်ဆောက်မည်ဖြစ်ရာ ငွေကျပ် ၁၈၁ ဒသမ ၇သိန်းဖြင့် အကောင်အထည်ဖော်ကာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး

ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission (NDRC) မှ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက် ချီးမြှင့်စဉ်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Power Investment Corporation (CPI) မှ Vice President, Mdm. Zhang Xiaolu တို့ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခြင်း ဆိုင်ရာ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻



သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်မှ လယ်မြေများ မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် နွေစပါးအတွက် ရေချိုများ သိုလှောင်ထားနိုင်မည့် သုံးခွမြို့ အရှေ့ဘက် လေးမိုင်အကွာတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တည်ဆောက်ဖွင့်လှစ်လိုက်သော တကောရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။

ကွင်းဆင်းရေးသားသူ ကျော်စိန်
ဓာတ်ပုံမှတ်တမ်း အောင်သန်း(မင်္ဂလာတောင်ညွန့်)

စိုက်ပျိုးရေသာမက သောက်သုံးရေပါ ဖူလုံစေမည့် ရန်ကုန်တိုင်း သုံးခွမြို့နယ်က တကောရေထိန်းတံခါး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေး နှင့် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှလမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် လှေ့လာစူးစမ်း ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■